# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 10 October 2023 ၁၁၂၄၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံ၏ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများကို အဓိကထိုးနှက်နေသည့်အချက်သည် တရားမဝင်ကုန်သွယ်မှုများဖြစ်

## နိုင်ငံ့စီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက်ပိုမိုထိရောက်စွာ တားဆီးစစ်ဆေး အရေးယူရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**


(၁၄၉) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနား ကျင်းပ — စာမျက်နှာ » ၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၅

အားလုံးမျှော်လင့်နေကြသည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးခရီး — ဆောင်းပါး စာမျက်နှာ » ၈


**အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်သတိပြု

အနောက်တောင်မုတ်သုံလေသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှ ၈ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ ၉ ရက်နေ့မှ ၁၄ ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရှိသည်ဟု မိုးလေဝသမှ ခန့်မှန်းအသိပေးထားသည်။ မုတ်သုံလေဆုတ်ခွာသွားမှုသဘာဝအရ မြန်မာနိုင်ငံတွင် မိုးရာသီကာလကုန်ဆုံးပြီး ခြောက်သွေ့ရာသီသို့ ရောက်ရှိလာရမည်ဖြစ်သော်လည်း ယခုကာလများတွင် မြန်မာနိုင်ငံရှိ အချို့ဒေသများ၌ မိုးသည်းထန်မှုဖြစ်စဉ်များနှင့် ကြုံတွေ့နေဆဲဖြစ်သည်။

ထိုသို့ ရာသီဥတုမှုမမှန်မှုများနှင့် ကြုံတွေ့နေရခြင်းသည် ၂၀၂၃-၂၀၂၄ ရာသီကာလများတွင် အယ်လ်နီညိုရာသီဥတု ကျရောက်နေသောကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းများကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်သို့ ရွေ့လျားခဲ့သောကြောင့်လည်းကောင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင်လည်း မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လျှောင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့နေကြသည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်နေ့အတွင်း မိုးရွာသွန်းမှုအခြေအနေများကို ခန့်မှန်းပေးထားရာတွင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ကာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပြီး မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်ဟု ဆိုထားသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတို့နှင့် ချင်း၊ ရခိုင်၊ ကယား၊ ကရင်၊ မွန်ပြည်နယ်တို့တွင် မိုးရွာသွန်းမှုထက်ပိုနိုင်သည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူမြို့များ၌ တစ်ပေမှ နှစ်ပေခန့်၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတ၊ ဇလွန်မြို့များ၌ ပေဝက်မှ နှစ်ပေခန့် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီ၊ မုံရွာမြို့များ၌ ပေဝက်မှ နှစ်ပေခန့် မြင့်တက်လာနိုင်သည်။ စစ်တောင်းမြစ်ရေသည် တောင်ငူနှင့် မဒေါက်မြို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့၌ တစ်ပေခန့်နှင့် ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့၌ နှစ်ပေမှ သုံးပေခန့် မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်း၊ သာပေါင်းနှင့် ပုသိမ်မြို့များ၌ တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝနှင့် ကျောက်တော်မြို့၌ တစ်ပေမှ နှစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့၌ ပေဝက်ခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့၌ တစ်ပေခွဲခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး ဒုဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံမြို့နှင့် မြစ်ငယ်မြို့တို့၌ ပြန်လည်ကျဆင်းလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းအရှိန်များကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုခြင်းအန္တရာယ်ကိုလည်းကောင်း၊ ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ချောင်းများအနီးနေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းဖြင့် ခရီးသွားလာလုပ်ကိုင်ကြသော ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုကြရန် အသိပေးထားသည်။

ယခုအောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းလာခြင်းနှင့် ဇောင်းတူဆည်နှင့် ကဒူးကွင်းဆည်တို့၏ ရေပိုလွှဲရေကျော် စီးဆင်းလာသောကြောင့် ပဲခူးမြို့နယ် ပဲခူးဘူတာနှင့် ရွှေလှေဘူတာအကြား ရထားလမ်း အလျားပေ ၅၀၀ ခန့်တွင် သံလမ်းအပေါ်ရေကျော်တက်သဖြင့် ရထားများ ဖြတ်သန်းနိုင်မှုမရှိဘဲ လူစီးအမြန်ရထားနှစ်စင်း ခေတ္တရပ်နားထားရသည်ဟု သိရသည်။ ပဲခူးမြစ်ရေသည် ခန့်မှန်းထားသည့်အတိုင်း ပဲခူးမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲကျော်လွန်ရောက်ရှိနေပြီး နောက်ရက်တွင် သုံးပေခန့်အထိ မြင့်တက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ကြိုတင်ပြင်ဆင်သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှု ၁၁ မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ၅ မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၂ (ရခိုင်)၊ ၄၅/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး)၊ ၁၂/၂၀၂၃ (မန္တလေး)၊ ၁၄/၂၀၂၃ (မကွေး)၊ ၄၃/၂၀၂၂ (ဧရာဝတီ)၊ ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကရင်)၊ ၉/၂၀၂၃ (ရှမ်း)၊ ၁၁/၂၀၂၃ (ရှမ်း)နှင့် ၂၈/၂၀၂၃ (ရှမ်း) စုစုပေါင်းတရားမအထူးအယူခံမှု ၁၁ မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၈/၂၀၂၃ (ရန်ကုန်)၊ ၅၈/၂၀၂၂ (ကရင်)၊ ၅/၂၀၂၃(ရန်ကုန်)၊၁၆/၂၀၂၃(ရန်ကုန်)နှင့် ၂၇/၂၀၂၃(မကွေး) စုစုပေါင်းတရားမအထူးအယူခံမှု ၅ မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးတင်မောင်ဆွေအား မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေအား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၁၇၆ | ၁,၅၄၉,၁၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၀၀ | ၂,၅၇၇ | ၇,၆၈၁,၀၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁ | ၇,၄၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၁၁ | ၁၈၈,၇၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၁၀၀ | ၂,၁၅၀ | ၄၆၁ | ၉၇၈,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၄၄ | ၂၁၁,၂၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၀၀ | ၁၁၂ | ၂၀၄,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတိုင်းတွင် တရားမဝင်ကုန်သွယ်မှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများသည် ခေတ်အဆက်ဆက် ကျယ်ပြန့်စွာ အမြစ်တွယ်ကြီးထွားနေသည့်အတွက် ယင်းကို ပြင်းပြင်းထန်ထန်အရေးယူ ဆောင်ရွက်ရမည်

- ❖ **မိမိတို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ဆောင်ရွက်မှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမှုတွဲ ၆၁၁ မှု(တန်ဖိုးငွေကျပ် ၁၀၄၄၅ ဒသမ ၇၄၂သန်း) ဖြစ်ပြီး ဩဂုတ်လတွင် အမှုတွဲ ၅၄၀(တန်ဖိုးငွေကျပ် ၁၂၄၃၄ ဒသမ ၂၄၄ သန်း) ဖမ်းဆီးရရှိခဲ့**
- ❖ **ကာလတူ ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လနှိုင်းယှဉ်ရာ ယခင်ဇူလိုင်လတွင် အမှုတွဲ ၃၆၉ မှု (တန်ဖိုးငွေကျပ် ၆၁၀ ဒသမ ၃၈၈ သန်း)နှင့် ဩဂုတ်လတွင် အမှုတွဲ ၄၈၀ (ခန့်မှန်းငွေကျပ် ၇၀၀၂ ဒသမ ၆၁၃ သန်း)ဖြစ်**
- ❖ **ယခင်နှစ်ထက် ဖမ်းဆီးအမှုတွဲနှင့် ဖမ်းဆီးရမိတန်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်အပြင် ပို့ကုန်အပိုင်းများပါ တရားမဝင်ကုန်သွယ်မှုများ ရှိနေဆဲဖြစ်သည်ဟု ဖော်ပြနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေးကို သွင်းကုန်ပိုင်းနှင့် ပို့ကုန်ပိုင်းများကိုပါ ယခင်ကထက်အထူးအဖွဲ့များက စေ့စေ့စပ်စပ် ဖော်ထုတ်ဖမ်းဆီး သွားရန်လို**

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများနှင့် တွေ့ဆုံရာတွင် **"တရားမဝင်ကုန်သွယ်မှုကို နိုင်ငံတော်မှ တိုက်ဖျက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့ဝင်ငွေများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ပြည်ပသို့ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကို ဖောက်ဖျက်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း"** ဟု လမ်းညွှန်မှာကြားထားပါကြောင်း။

**တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန် လိုအပ်**

ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အား ကောင်းမွန်နေရန်လိုအပ်ကြောင်း၊ ယင်းအထဲတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများ၊ တစ်နည်းအားဖြင့် နိုင်ငံရေးနှင့်ကာကွယ်ရေးမောင်းနှင်အားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း"** ဟု ပြောကြားခဲ့ကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့်ကုန်သွယ်မှု အဓိကဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ နိုင်ငံ၏ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများကို အဓိကထိုးနှက်နေသည့် အချက်သည် တရားမဝင်ကုန်သွယ်မှုများဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် တရားမဝင်ကုန်သွယ်မှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများသည် ခေတ်အဆက်ဆက် ကျယ်ပြန့်စွာ အမြစ်တွယ် ကြီးထွားနေသည့်အတွက် ယင်းကို ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အရေးယူမှုများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် မဆောင်ရွက်နိုင်ပါက နိုင်ငံ၏စီးပွားရေးကို ထိခိုက်သည့်အပြင် မိမိတို့ဆောင်ရွက်နေသည့် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာထိခိုက်စေပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက်ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထူးခြားဖြစ်စဉ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရေယာဉ်၊ မီးရထား၊ မော်တော်ယာဉ်များဖြင့် တရားမဝင်ပြောင်းဆန်သယ်ယူမှုအား ဖော်ထုတ် အရေးယူနိုင်ခဲ့ပါကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးကို ဖြတ်ကျော်၍ တရားမဝင်ပြောင်းဆန်များ တင်ပို့ရန်ကြိုးပမ်းမှုကိုလည်း တားဆီးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ကွန်တိန်နာ ၁၁ လုံး တရားမဝင်ထုတ်ယူမှုနှင့် ပတ်သက်၍ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

**ထူးခြားဖြစ်စဉ်များ**

ထူးခြားဖြစ်စဉ်များအနေဖြင့် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဩဂုတ်လ ၂ ရက်နေ့တွင် မော်လမြိုင်ဘူတာသို့ ဆိုက်ရောက်ကုန်တင်တွဲငါးတွဲ၌ သတင်းအရ မသင်္ကာဖွယ်တွေ့ရှိ၍ စိစစ်ရာ တင်ပို့လိုင်စင်နှင့် QR Code မပါ အထောက်အထားမဲ့ ပြောင်းစေ့အိတ် ၁၆၅၉ အိတ် ဆက်စပ်အမှုအရ ပဲခူး၊ မောင်လမြိုင် လမ်းကြောင်းတစ်လျှောက် ကုန်တွဲ ၅၁ တွဲ၊ ပဲခူးဘူတာမှ မသင်္ကာဖွယ် ၃၇ တွဲကို ဖော်ထုတ်နိုင်ခဲ့ကြောင်း။

အလားတူ မရမ်းချောင်စစ်ဆေးရေးဂိတ်၌ အထောက်အထားမဲ့ မော်တော်ယာဉ်ရှစ်စီးကို တားဆီးနိုင်ခဲ့ကြောင်း၊ ထူးခြားမှုအနေဖြင့် ရေကြောင်းဖြင့် တရားမဝင်တင်ပို့မှုကို တားဆီးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်မှ မော်လမြိုင်ဘက်သို့ ထွက်ခွာလာသည့် သင်္ဘောပေါ်တွင် အထောက်အထားမဲ့ ပြောင်းစေ့အိတ်များ တွေ့ရှိရသည့်အတွက် ရေယာဉ်မှူးနှင့် ကုမ္ပဏီပိုင်ရှင်တို့၏ ကနဦးထွက်ဆိုချက်များ ကွဲလွဲနေသည့်အတွက် ဆက်လက်ဖော်ထုတ်ခဲ့ပါကြောင်း၊ ရထားတွဲ ၈၈ တွဲ၊ ရေယာဉ်တစ်စင်း၊ မော်တော်ယာဉ်ရှစ်စီးပေါ်တွင် တရားမဝင်အထောက်အထားမဲ့ ပြောင်းစေ့အိတ် ၉၁၃၅၉ အိတ် (တန်ချိန် ၄၅၆၇ ဒသမ ၉၅ တန်)နှင့် ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၉ ဘီလီယံကျော် တရားမဝင်ပို့ကုန်အဖြစ် ဆောင်ရွက်ရန် ကြိုးပမ်းစဉ် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကောင်းများ၏ ကြိုးပမ်းမှုအရ တားဆီးဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထို့အတွက် စီမံကြီးကြပ်သူများနှင့် စေ့စပ်စွာ ဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့ဝန်ထမ်းကောင်းများကိုလည်း ဂုဏ်ပြုဝမ်းမြောက်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆုပေးဒဏ်ပေးစနစ်ကျင့်သုံး၍ ဝန်ထမ်းကောင်းများကို ထိုက်သင့်သည်များ ဂုဏ်ပြုချီးမြှင့်သွားရမည်ဖြစ်ပြီး တားမြစ်ထားသည့် စည်းမျဉ်း စည်းကမ်းဥပဒေများနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါကလည်း ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖမ်းဆီးရရှိမှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို ထိုက်သင့်သည်များ ဂုဏ်ပြုချီးမြှင့်ရန် လိုကြောင်း။

**စီမံဆောင်ရွက်နိုင်ခဲ့**

ဖမ်းဆီးရရှိသည့် အထောက်အထားမဲ့ပစ္စည်းများနှင့်စပ်လျဉ်း၍ အလဟဿ လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ နိုင်ငံဘဏ္ဍာအဖြစ် အမြန်ဆုံးသိမ်းယူနိုင်ရေး၊ တရားမဝင် ကိုယ်ကျိုးစီးပွားအတွက် သတ်မှတ်တရားဝင်ဆောင်ရွက်ရသည့် လုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့ကြသည့်ကုမ္ပဏီများကို နိုင်ငံတော်၏အကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည့်အတွက် အမြန်ဆုံးထိရောက်စွာ အရေးယူနိုင်ရေး အရေးပေါ်အထူးအစည်းအဝေးကျင်းပပြီး ဥပဒေကြောင်းအရ အရေးယူနိုင်ရေးနှင့်သိမ်းဆည်းပစ္စည်းများ အမြန်ဆုံး လေလံတင်ရောင်းချနိုင်ရေး အပါအဝင် လုပ်သင့်သည်များလုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပြောင်းစေ့များ မပျက်စီးမဆုံးရှုံးဘဲ ပြန်လည်ထုခွဲ ရောင်းချနိုင်ခဲ့သည့်အတွက် မူလခန့်မှန်းခဲ့သည့် ငွေကျပ် ၂ ဒသမ ၉ ဘီလီယံထက် ကျော်လွန်ပြီး ငွေကျပ် ၃ ဒသမ ၀၅၇ ဘီလီယံရရှိခဲ့သည့်အတွက် မူလထက် သိန်းပေါင်း ၈၀၀ ကျော် ပိုမို၍ ပြည်သူ့ဘဏ္ဍာအဖြစ် ရရှိခဲ့ပါကြောင်း။

သီလဝါအထူး စီးပွားရေးဇုန်တွင် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်များစနစ်တကျဆောင်ရွက်လျက်ရှိပြီး G to G လည်း ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုအပေါ်တွင် အချို့ကုမ္ပဏီများအနေဖြင့် တင်သွင်းလာသည့်ကုန်ပစ္စည်းများမှာ သွင်းကုန်လိုင်စင်မရှိဘဲ အခြားကုမ္ပဏီများ၏ သွင်းကုန်လိုင်စင်များကို အလွဲသုံးစားလုပ်ပြီး ၎င်းတို့၏သွင်းကုန်ပစ္စည်းများကို တင်သွင်းရန် ကြိုးစားဆောင်ရွက်မှုများကို ပြည်သူ့ဝန်ထမ်းကောင်းများက ဖော်ထုတ်တားဆီးပေးနိုင်ခဲ့သည့်အတွက် သွင်းကုန်ပစ္စည်း ကီလိုသုံးသိန်းကျော် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉ သန်းကျော်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဥပဒေမဲ့ဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာကုမ္ပဏီများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှုများမှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

မိမိတို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဆောင်ရွက်မှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမှုတွဲ ၆၁၁ မှု (တန်ဖိုးငွေကျပ် ၁၀၄၄၅ ဒသမ ၇၄၂ သန်း)ဖြစ်ပြီး ဩဂုတ်လတွင် အမှုတွဲ ၅၄၀(တန်ဖိုးငွေကျပ် ၁၂၄၃၄ ဒသမ ၂၄၄ သန်း)ဖမ်းဆီးရရှိခဲ့ကြောင်း၊ ကာလတူ ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လနှိုင်းယှဉ်ရာ ယခင် ဇူလိုင်လတွင် အမှုတွဲ ၃၆၉ မှု (တန်ဖိုးငွေကျပ် ၆၁၀ ဒသမ ၃၈၈ သန်း)နှင့် ဩဂုတ်လတွင် အမှုတွဲ ၄၈၀(ခန့်မှန်းငွေကျပ် ၇၀၀၂ ဒသမ ၆၁၃ သန်း)ဖြစ်ကြောင်း၊ ယခင်နှစ်ထက် ဖမ်းဆီးအမှုတွဲနှင့် ဖမ်းဆီးရမိတန်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်အပြင် ပို့ကုန်အပိုင်းများပါ တရားမဝင်ကုန်သွယ်မှုများ ရှိနေဆဲဖြစ်သည်ဟု ဖော်ပြနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေးကို သွင်းကုန်ပိုင်းနှင့် ပို့ကုန်ပိုင်းများကိုပါ ယခင်ကထက်အထူးအဖွဲ့များက စေ့စေ့စပ်စပ် ဖော်ထုတ်ဖမ်းဆီးသွားရန် လိုကြောင်း။

ထို့ပြင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သွင်းကုန်အပြင် ပို့ကုန်များအတွက်ပါ မော်တော်ယာဉ်၊ ရေယာဉ်၊ မီးရထား အပါအဝင် ယခုအခါ ကုန်တင်လေယာဉ်များဖြင့် ကုန်ပစ္စည်းတင်ပို့နေပြီဖြစ်သည့်အတွက် လေကြောင်းအတွက်ပါ SOP များကို စနစ်တကျ နောက်ဆုံးအခြေအနေနှင့်အညီ ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအထောက်ကူပြုမည့် e-lock စနစ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးရေး ပို့ဆောင်ရန်အတွက် Pilot Project (၆)လ ဆောင်ရွက်လျက်ရှိကြောင်း၊ Pilot Project ဖြင့် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို မိမိတို့ဆောင်ရွက်လိုသည့် E-Lock စနစ်ဖြင့် ကုန်သေတ္တာနှင့်အလုံပိတ်ယာဉ်များ အသုံးပြုသည့် ကုန်ပစ္စည်းများပို့ဆောင်မှုကို Phase အလိုက် အားသာချက်၊ အားနည်းချက် ဖော်ထုတ်၍ နိုင်ငံတစ်ဝန်းလုံး ပို့ဆောင်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် မိမိတို့အားလုံးက အားတက်သရော ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရမိသည့် ပြောင်းစေ့များသည် ပျက်စီးလွယ်သည့် ပစ္စည်းများဖြစ်သည့်အတွက် ဥပဒေအရ အမြန်ဆုံးအရေးယူဆောင်ရွက်နိုင်ရေး အကောက်ခွန်ဥပဒေနှင့် ပို့ကုန်/သွင်းကုန်ဥပဒေဖြင့် ဆောင်ရွက်နိုင်ခဲ့၍ ပစ္စည်းများကို မပျက်မစီးဘဲ ထုခွဲရောင်းချနိုင်ခဲ့သည့်အပြင် စနစ်တကျဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလခန့်မှန်းထားသည့် ငွေပမာဏများထက် ပိုမိုရရှိခဲ့ပါကြောင်း၊ ယင်းမှာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင်ရှိပြီး ဥပဒေအပေါ်ဝိုင်းဝန်းစဉ်းစားခဲ့ပြီး လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အကောက်အခွန်ဥပဒေအပိုင်းတွင် မူလထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေရှိပါကြောင်း၊ အဆိုပါဥပဒေပိုင်းတွင်လည်း ပိုင်ရှင်ဘက်မှ

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ထိခိုက်နစ်နာမှုမရှိစေရေး လုပ်ထုံးလုပ်နည်းများကြောင့် ပို့ကုန်/သွင်းကုန် ဥပဒေကဲ့သို့ အရေးယူခြင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းအပိုင်းတို့တွင် ကြန့်ကြာမှုရှိသင့်သလောက်ရှိပါကြောင်း၊ သို့ဖြစ်၍ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဖမ်းဆီးရရှိသည့်ပစ္စည်းများ ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရန် လိုအပ်ပါကလည်း ပြင်ဆင်ရန်စဉ်းစားသင့်ပါကြောင်း၊ ဥပဒေကို လူကပြုစုခြင်းဖြစ်၍ လူကပင် ပြင်ဆင်၍ ရပါကြောင်း၊ အကျိုးအကြောင်း ခိုင်လုံရန် လိုအပ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ ခေတ်အဆက်ဆက် မိမိတို့နိုင်ငံတွင် အမြစ်တွယ်ခဲ့သည့်အတွက် ပို့ကုန်၊ သွင်းကုန်များအပါအဝင် စက်သုံးဆီ၊ စားသုံးဆီများနှင့်စပ်လျဉ်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံစီးပွားရေးနှင့် စီးပွားရေးမောင်းနှင်အားကို ထိခိုက်စေမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တားဆီးပေးနေသည့် လုပ်ငန်းဖြစ်သောကြောင့် တာဝန်ရှိသူများက ယခင်ကထက်ပိုမို၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

❖ **တရားမဝင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက် မိမိတို့နိုင်ငံတွင် အမြစ်တွယ်ခဲ့သည့်အတွက် ပို့ကုန်၊ သွင်းကုန်များအပါအဝင် စက်သုံးဆီ၊ စားသုံးဆီများနှင့် စပ်လျဉ်း၍ ဖော်ထုတ်အရေးယူဆောင်ရွက်**

❖ **နိုင်ငံစီးပွားရေးနှင့် စီးပွားရေးမောင်းနှင်အားကို ထိခိုက်စေမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်**

❖ **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တားဆီးပေးနေသည့် လုပ်ငန်းဖြစ်သောကြောင့် တာဝန်ရှိသူများက ယခင်ကထက် ပိုမို၍ဆောင်ရွက်**

**ရှင်းလင်းတင်ပြ**

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီ အစည်းအဝေး(၄/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၃)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ E-Lock စနစ်ဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေများ၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ခဲတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများ ရောင်းချနေမှု၊ QR Code အသုံးပြုဆောင်ရွက်နေမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး(၅/၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၄၉) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၃ ခုနှစ် (၁၄၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိ**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ကျင်းပသည့် အခမ်းအနားသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union–UPU)၏ (၁၄၉) နှစ်ပြည့် အခမ်းအနားဖြစ်ကြောင်း၊ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ)တွင် အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိပြီး အဖွဲ့ဝင်နိုင်ငံများအတွက် လိုအပ်သည့်နည်းပညာ အကူအညီများ၊ စာပို့လုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်၍ အဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်ရေးကို ဦးတည်ဆောင်ရွက်ပေးသည့် A Truly Universal Network အဖြစ် ရပ်တည်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စာပို့ကွန်ရက်များ ပုံမှန်မလည်ပတ်နိုင်သော်လည်း ဒစ်ဂျစ်တယ်နှင့် အိုင်စီတီနည်းပညာများကို စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများတွင် အကျိုးရှိရှိအသုံးချနိုင်သည့်အတွက် အများပြည်သူကို ဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ စာပို့တိုက်ဝန်ဆောင်မှုအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၏ သော့ချက်မှာ သုံးစွဲသူ၏ ယုံကြည်မှု(Customer Trust) ဖြစ်သည့်အတွက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(ယူပီယူ)မှလည်း ယခုနှစ်အတွက် ဆောင်ပုဒ်ကို **“စိတ်ချယုံကြည် တွဲလက်ညီ”(Together for Trust)**ကို ရွေးချယ်သတ်မှတ်ပြီး အများပြည်သူကို ဝန်ဆောင်မှုပေးနေသည့်စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၄၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




ထို့နောက် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ဌာနချုပ်(UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် (၅၂)ကြိမ်မြောက် အသက် (၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်မှ မနန်းအဲ့မွန်အိမ်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ် မုဒုံမြို့နယ်မှ မောင်ဝေဘုန်းလူ၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ မောင်သန်းထိုက်နှင့် အထူးဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မှ မမေမြင့်မိုရ်ကြည်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၅၂)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)ဆုရရှိသူများကိုယ်စား ပထမဆုရှင် မနန်းအဲ့မွန်အိမ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး (၁၄၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် ပြခန်းတွင် မှတ်တမ်းဓာတ်ပုံများနှင့် ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ (ဓါပုံ)

**သတင်းစဉ်**



## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ အဆုံးအဖြတ်ရယူရန် လိုအပ်သည့်ကိစ္စများကို ဆွေးနွေးပေးစေလိုကြောင်း၊ ဓာတ်ပုံပြပွဲတွင် မှတ်တမ်းဓာတ်ပုံများ ထပ်မံဖြည့်စွက်ပြသနိုင်ရေး၊ သုံးစွဲမည့် ရန်ပုံငွေများအား စနစ်တကျသုံးစွဲရေး၊ ရန်ပုံငွေသုံးစွဲမှုအပေါ် စာရင်းစစ်ခံနိုင်ရေး စာရင်းဇယားများအား စနစ်တကျထားရှိဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အခမ်းအနား ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ သတင်းစဉ်

## ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၇)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၂) သင်တန်း ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၉

ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ် (၇)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။





သင်တန်းဖွင့်ပွဲသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထိန်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများအား အရည်အသွေး ထက်မြက်ပြီး အတွေးအခေါ် မှန်ကန်မြင့်မားလာစေရန်၊ မိမိရာထူး အဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရုံသာမက ဆင်ခြင်တုံတရား ပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်ထားသော အတတ်ပညာများကို လက်တွေ့ နယ်ပယ်တွင် အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ဝန်ကြီးဌာနမှ အားကိုးရသော ဝန်ထမ်းကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ အဆိုပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်းနှင့် ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

### SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ မှန်ကန်စွာပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိသည့် သုံးစွဲသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက် အမှန်ဖြင့် အမြန်လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ မကုန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသော ဆင်းကတ်များအား အပြီး ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသောဆင်းကတ် ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များ၊ Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် ထပ်မံ အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## အမျိုးသားရေးမဏ္ဍိုင်
(အိုင်ချင်း)

❍ ချစ်တဲ့သူငယ်လေ၊
ပြည်ထောင်စု မိခင်ကြီးရဲ့
တစ်မိတည်းဖွား၊ တိုင်းရင်းသား
ညီအစ်ကို မောင်နှမများတို့ရေ။

❍ ပြည်ထောင်စု မိခင်ကြီး
ခိုင်ဖြိုးကြွယ်ဝ၊ ခံ့ထည်လှလို့
ဒုက္ခဆိုးတွေ၊ ကင်းဝေးစေအောင်
ရေရှည်မြော်တွေး၊ ငြိမ်းချမ်းရေးကို
တို့သွေးတို့သား၊
ညီအစ်ကို မောင်နှမများက
အမျိုးသားရေးအမြင်နဲ့
ရင်ဖွင့် ခေါင်းချင်းဆိုင်
တိုင်ပင်ဆွေးနွေးနေကြတယ်။

❍ သူ့အမြင်နဲ့ ကိုယ့်အမြင်
သူ့အထင်နဲ့ ကိုယ့်အထင်
အမြင်ချင်းကွဲ
အထင်ချင်းလွဲတဲ့
ကွဲပြားတာတွေ
လွဲမှားတာတွေ၊ သင်ပုန်းချေလို့
အကျေအလည်ညှိနှိုင်း၊ တို့သမိုင်းကို
ဝိုင်းဝန်းရေးဆွဲနေကြပြီ။

❍ ဟိုယခင်က
အထင်အစွဲ၊ အမြင်လွဲလို့
နင်ပဲငဆဖြစ်ရတယ်။

❍ ဟိုယခင်က
နင်ပဲငဆ၊ အာဃာတကြောင့်
ဒေါသမီးတောက်ကြောက်မက်ဖွယ်။

❍ အကောင်းအဆိုးလျှင်
ကြောင်းကျိုးယှဉ်ပြီး
အစဉ်ထာဝရ၊ အမြင်မှန်ရကာ
အာဃာတကင်း
သံသယရှင်းလို့
ညီရင်းအစ်ကို၊ မောင်ရင်းနှမ
အားရဝမ်းသာ၊ ချစ်ကြည်စွာနဲ့
မေတ္တာထုံမွှမ်း၊ သစ္စာလွှမ်းတဲ့
ငြိမ်းချမ်းရေးလမ်းလျှောက်ကြပြီ။

❍ ဖက်ဒရယ်ပြည်ထောင်စု
ရှေးရှုဦးတည်၊ ကောင်းကျိုးရည်လို့
ဒီမိုကရေစီလမ်းကြောင်း၊ မတိမ်းစောင်းအောင်
ထိန်းကျောင်း စောင့်ရှောက်ပေးကြတယ်။

❍ ပန်းခင်းတဲ့လမ်း၊ ပြိုင်တူလှမ်းကာ
ငြိမ်းချမ်းရေးပွဲတော်၊
အတူတူယှဉ်တွဲ၊ နွဲ့လို့ပျော်
မော်ကွန်းတင်ကြ ကြည်နူးဖွယ်။

❍ အလိုလေ့အိုင်၊
ပြည်ထောင်စုဖွား
ပြည်ထောင်စုအား၊
တိုင်းရင်းသား ညီအစ်ကို မောင်နှမများရဲ့
နိုးကြားအတွေး သန်ခိုင်တဲ့
“အမျိုးသားရေးမဏ္ဍိုင်”ပါလေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြိုးပမ်းယှဉ်ပြိုင်**

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ခြင်းလုံးအားကစားသမား မောင်/မယ်များအနေဖြင့် ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲမှတစ်ဆင့် ချစ်ကြည်ပူးပေါင်းမှုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တိုးတက်မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သည့် ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရေး၊ ရိုးရာအမွေအနှစ်ကို ဆက်ခံထိန်းသိမ်းနိုင်သည့် ထူးချွန်သော ရိုးရာခြင်းလုံးအားကစားမောင်/မယ်သစ်လွင်များ ပေါ်ပေါက်စေရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



ဆက်လက်၍ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မလဲ့ဝတီဇော်က ရိုးရာခြင်းလုံး တစ်ကိုယ်တော်သရုပ်ပြ ဖျော်ဖြေတင်ဆက်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို ကျင်းပခြင်းဖြင့် "ခြင်းလုံးအစ မြန်မာက" ဆိုသည့်အတိုင်း ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရေး၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားဖွံ့ဖြိုး တိုးတက်လာစေရေး၊ မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ခြောက်သင်း၊ အားကစားသမား စုစုပေါင်း ၁၈၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆)ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၉**

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက တက္ကသိုလ်၊ ကောလိပ်များရှိ သင်ကြားရေး ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး(၃၀)ကို စောင့်ထိန်းလိုက်နာ သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ကာ ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုပေးနိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရေး ကျင့်ကြံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆရာသည် တပည့်များ၏ အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်ကြသဖြင့် မျိုးဆက်သစ်တို့၏ ပညာရည်တိုးတက်မြင့်မားရေးအတွက် မိမိတို့၏စွမ်းရည်များကို အမြဲမပြတ် ဆန်းစစ်၍ မြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားပြီး သင်တန်းသားသင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



အဆိုပါ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆)သို့ သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၃၁၃ ဦး စုစုပေါင်း ၃၅၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်းရန် နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် (၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

ရှင်းလင်းဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် ဌာနကြီးဖြစ်သဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်စေမည့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခြင်း မရှိစေရန်အတွက် ယခုကဲ့သို့ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ/တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊



ကျောသားရင်သား မခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ "ကာကွယ်ခြင်းဟာ ကုသခြင်းထက်ကောင်းတယ်"ဆိုသည့် စကားနှင့်အညီ အဂတိလိုက်စားမှုများ ပေါ်ပေါက်ကာမှ စုံစမ်းစစ်ဆေး အရေးယူခြင်းထက် အဂတိလိုက်စားမှုများ မဖြစ်မီကတည်းက ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit– CPU) များဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း။

(CPU) ဖွဲ့စည်းထားသည့် ရည်ရွယ်ချက်မှာ မိမိ၏ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုသည့်အတိုင်း ကာကွယ်ရန်လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှု မဖြစ်မြောက်အောင်၊ ရပ်တန့်သွားအောင် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ဝန်ထမ်းများကို တတ်နိုင်သမျှ နည်းလမ်းများဖြင့် အဂတိလိုက်စားမှုများမဖြစ်အောင် ကာကွယ် အသိပညာပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း ဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်သင့်ကြောင်း၊ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း (Corruption Risk Assessment–CRA)ကို အလေးပေးဆောင်ရွက်ပြီး အားနည်းချက်များကို ဖော်ထုတ်ပြုပြင်သင့်ကြောင်း၊ ဌာနတွင်းရှိ ဝန်ထမ်းများကို အဂတိလိုက်စားမှုများ မကျူးလွန်စေရေး အပြန်အလှန် ထိန်းကျောင်းသည့်စနစ်များဖြင့် ထိရောက်စွာဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး နန်းမြို့ရိုးထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဒုတိယဝန်ကြီးက မန္တလေးစည်ပင်သာယာရေးကော်မတီနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲတို့ပူးပေါင်း၍ နန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန် စီမံချက်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး မဟာမုနိဘုရားသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တွေ့ဆုံ၍ ပိဋကတ်တိုက်တွင် ပြသထားရှိသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇန်းမော်ကျောင်းတိုက်သို့ရောက်ရှိပြီး ပျံလွန်တော်မူသွားသော ဇန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက်အဖြစ်ဆောင်ရွက်ရန် ဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က အသုံးပြုခဲ့သောပစ္စည်းများ၊ နိုင်ငံခြားမှလှူဒါန်းထားသော ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ပြသနိုင်ရေးအတွက် စိစစ်ရွေးချယ်ပေးခဲ့ပြီး အထိမ်းအမှတ်ပြတိုက်အဖြစ် ပြုလုပ်မည့် ဝိဇ္ဇာစရဏကျောင်းတော်ကို ပြတိုက်အဆောက်အအုံအဖြစ် ပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

**သတင်းစဉ်**



# တိုက်ကြီးမြို့နယ်၌ မွေးမြူသူ တောင်သူများအား သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြော

**တိုက်ကြီး အောက်တိုဘာ ၉**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင် ပြင်ဆင်နိုင်စေရန်နှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် မွေးမြူသည့် တောင်သူများကို ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် နွားများကို ကာကွယ်ဆေး ကွင်းဆင်း ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ်အုန်းပင်စုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က မိုးရွာသွန်းမှုကြောင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ တိရစ္ဆာန်များအား ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ကြိုတင်ပြင်ဆင်ရမည့် အချက်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည့်အကြောင်း၊ သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများကို ဟောပြောခဲ့သည်။



ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါက်တာချမ်းမြေ့ကျော် နှင့် ဝန်ထမ်းများက နွားကောင်ရေ ၁၅၀ အား လည်ချောင်းကွဲရောဂါ ကြိုတင် ကာကွယ်ဆေးများ ကွင်းဆင်း ထိုးနှံပေးနေမှုကို တိုင်းဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း**

# ဝမ်းတွင်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဝမ်းတွင်း အောက်တိုဘာ ၉**

မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မိတ္ထီလာခရိုင်နှင့် ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (သဲတော–ဝမ်းတွင်း) ပတ္တမြားခန်းမဆောင်တွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထားထားက သွေးလွန်တုပ်ကွေးရောဂါ အကြောင်းနှင့် ဖြစ်ပွားနိုင်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်အိငြိမ်းဖြိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အကြောင်းကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး တာဝန်ခံ ဆရာမကြီး ဒေါ်ခင်စန်းတင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေါက်တာစောမြင့်ထူးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းသို့ ရောက်ရှိကာ သားငယ်သမီးငယ်များကို မုန့်နှင့် ပဲနို့များ ကျွေးမွေးခြင်း၊ အမှတ်(၃)ရပ်ကွက်ရှိ အသက် (၈၉) နှစ်အရွယ် အဘွားဒေါ်တင်ကြည်အား အလှူငွေ၊ မုန့်နှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို သွားရောက် ကန်တော့ခြင်း၊ သဲတော(၁)ရပ်ကွက်ရှိ သေဝတီသီလရှင်စာသင်တိုက်ရှိ ဆရာလေးများအား ဆန်၊ ဆီ၊ ဆား နှင့် လှူဖွယ်ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# အားလုံးမျှော်လင့်နေကြသည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးခရီး

မောင်ငြိမ်းအေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA ၊ KNU/KNLA-PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့တို့ ဩဂုတ် ၃၀ ရက်က ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာစဉ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကို အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီးမှ ရရှိလာခဲ့ခြင်းဖြစ်သည်။ နိုင်ငံအချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်း အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ နိုင်ငံတည်ဆောက်ရေးအတွက်လည်း ဘဝပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ ဤသို့ခက်ခဲစွာ ပေးဆပ်ရင်းနှီး၍ တည်ဆောက်ထားရသည့် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းပြီး အေးချမ်းသာယာဝပြောအောင် အားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင်အောင် ဖြစ်ပွားနေဆဲဖြစ်၍ ငြိမ်းချမ်းရေးအတွက် စိတ်မအေးဖွယ်ဖြစ်မည်။

ငြိမ်းချမ်းရေးသည် အားလုံး၏ မျှော်လင့်ချက်၊ အားလုံး၏ဆန္ဒဖြစ်သည်မှာ မေးခွန်းထုတ်စရာပင်လိုမည်မထင်။ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး မငြိမ်းချမ်းသည့်နိုင်ငံဟုပင် ဆိုချင်ဆိုနိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိခဲ့ကြသော်လည်း ရန်ကို ရန်ချင်းတုံ့နှင်းခြင်း၏ အဆုံးမသတ်နိုင်မှုနှင့် တည်ငြိမ်အေးချမ်းခြင်း၏တန်ဖိုး အကျိုးရလဒ်တို့ကို သိရှိနားလည်လာကြသဖြင့် နှစ်ဖက်ပြေအေးငြိမ်းပြီး ငြိမ်းချမ်းရေးကို ဆောလျင်စွာယူကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနိုင်ငံများသည် ယနေ့ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာဝပြောမှု အသီးအပွင့်များကို ခံစားနေကြရပြီဖြစ်သည်။

### ငြိမ်းချမ်းရေးရောင်ခြည်

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ခေတ်အဆက်ဆက်အစိုးရများက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ခြင်း၊ နိုင်ငံရေးသဘောဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်း စသည့်နည်းလမ်းအမျိုးမျိုးဖြင့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့သော်လည်း ငြိမ်းချမ်းရေးခရီးနှင့်အလှမ်းမနီးခဲ့ပေ။ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ငြိမ်းချမ်းရေးရောင်ခြည် စတင်သန်းလာခဲ့သည်။

နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတွေ့ဆုံ၍ ငြိမ်းချမ်းရေးပထမခြေလှမ်းအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခုကို ရေးဆွဲခဲ့သည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နှစ်နှစ်နီးပါးကြာ အချိန်ယူရေးဆွဲခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အပြီးသတ်အတည်ပြုခဲ့သည်။

ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရမှ ဖိတ်ကြားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့အနက် ရှစ်ဖွဲ့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့၌ NCA စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသဖြင့် ယခုအခါ NCA တွင် လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီဖြစ်သည်။

### နိုင်ငံရေးဆွေးနွေးမှုမူဘောင်

NCA သည်ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသောစာချုပ်ဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသောစာချုပ်ဖြစ်သည်။ စာချုပ်ချုပ်ဆိုစဉ်က ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်းစသည့်နိုင်ငံများမှ အကြီးအကဲများ၊ သံတမန်များ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါဂုဏ်သရေရှိစွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ NCA စာချုပ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC) တွင်ညှိနှိုင်းဆွေးနွေးပြီး "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (Framework for Political Dialogue) ကိုလည်း ရေးဆွဲချမှတ်ခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် အခြေခံမူများအဖြစ် "မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာစွာ ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု

စာမျက်နှာ ၉ သို့ ✣

**❝ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် အခြေခံမူများအဖြစ် "မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာစွာ ဖြစ်ပွားခဲ့သောလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရေး၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရေး" ဟူ၍ဖော်ပြထား ❞**

**❝ မြန်မာနိုင်ငံတွင် တစ်ပြေးညီခံစားခွင့်၊ တစ်ပြေးညီဖွံ့ဖြိုးခွင့် မရရှိသေးသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်က အဓိကအကြောင်းရင်းဖြစ်ပေသည်။ တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေဒေသနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေဒေသများကို နှိုင်းယှဉ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေဒေသများတွင် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်ရေးအခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ် ❞**

✣ စာမျက်နှာ ၈ မှ

ရပ်စဲရေးကို ဦးစွာဆောင်ရွက်ရေး၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရေး”ဟူ၍ ဖော်ပြထားသည်။

**ရလဒ်ကောင်းများရရှိနေ**

ထို့အပြင် ဦးတည်ချက်နှင့် ရည်ရွယ်ချက်များကဏ္ဍတွင် “ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြားပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေးဆွေးနွေးရေးမူဘောင်ပေါ်တွင်အခြေခံ၍ ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို စတင်ရန်” ဟူ၍ ဖော်ပြထားပါသည်။ အထက်ပါဦးတည်ချက်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ စတင်ပြုလုပ်ခဲ့ပါသည်။ ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက်၊ အဖွဲ့အစည်းအလိုက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိနေပြီဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးခဲ့သည့် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ NCA သည် ပြည်တွင်း/ ပြည်ပ အသိသက်သေများရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်တစ်ခုဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသည့် အရေးကြီးသည့် စာချုပ်ဖြစ်သည်။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် ရေးရှုဦးတည်ထားသောစာချုပ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံကျသည့် စာချုပ်ဖြစ်သည်။ NCA သည် နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ရေးဆွဲထားသည့်စာချုပ်ဖြစ်၍ NCA မူဘောင်နှင့်အညီ ငြိမ်းချမ်းရေးကို အလေးထား ဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်သည်။

**သဘောထားကွဲလွဲမှုများ**

ပဋိပက္ခဟူသည် သဘောထားကွဲလွဲမှု၊ ယုံကြည်ချက်ကွဲလွဲမှုတို့ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဋိပက္ခများဖြစ်ပေါ်ခဲ့ခြင်း အကြောင်းရင်းများတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသား

> **“ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များအား ဖိတ်ကြားထားရာတွင် အချို့မှာ တက်ရောက်မည်ဟု အကြောင်းပြန်ကြားပြီး အချို့မှာ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ၎င်းတို့၏အဓိကကျသည့် ကိုယ်စားလှယ်များကို စေလွှတ်မည်ဟု လေးစားသမှုဖြင့် အလေးထားပြန်ကြားခဲ့သည်ဟုသိရသည်။ ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အလေးထားမှုရှိသည်ဆိုလျှင် ကာယကံရှင် အဓိကသက်ဆိုင်သူများအနေဖြင့် ပိုမိုအလေးထား တန်ဖိုးထားသင့်သည်ဟု ရှုမြင်ပါသည်။ အထူးသဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး တက်ရောက်ရန် လိုအပ်ပြီး NCA တွင် လက်မှတ်မထိုးထားသည့်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားပါက အခမ်းအနားသို့ တက်ရောက်လာမည်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုရမည်”**

ရေးအရ သဘောထားကွဲလွဲမှုများနှင့် ဘာသာရေးအရ သဘောထားကွဲလွဲမှုများကြောင့်ဖြစ်ပေါ်လာသည်ဟု သုံးသပ်တွေ့ရှိထားသည်။ နိုင်ငံရေးအရ သဘောကွဲလွဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလကတည်းက ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့သည်။

နိုင်ငံရေးအယူအဆ ကွဲပြားမှုကြောင့် ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့သည်။ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ တိုင်းရင်းသားရေးအရ ပေါ်ပေါက်လာသော လက်နက်ကိုင် ပဋိပက္ခများသည် နယ်ချဲ့တို့ထားရစ်ခဲ့သောဆိုးမွေတစ်ခုဟု ဆိုနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့် ပတ်သက်၍ အာဏာခွဲဝေပေးထားပြီးဖြစ်၍ တိုင်းရင်းသားရေးနှင့်ပတ်သက်ပြီး ခွဲခြားမှုမရှိသည်ကို တွေ့နိုင်ပေသည်။ ဘာသာရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း အတိအကျပြဋ္ဌာန်းထားသည်။

**ဖက်ဒရယ်စနစ်ကျင့်သုံး**

ထို့ကြောင့် ဘာသာရေး၊ နိုင်ငံရေး၊ လူမျိုးရေးတို့နှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ အားလုံးပါဝင်ရောက်ရှိလာရန်နှင့် မိမိတို့၏ လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆိုခြင်းဖြင့် ရယူနိုင်ကြပေသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဖက်ဒရယ်စနစ်ကို အခြေခံ တည်ဆောက်ထားကြသည်။ ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကို အခြေခံသည့် ဖက်ဒရယ်စနစ်နှင့် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ဟူ၍ ရှိသည်ဟု သိရှိရသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ဆောင်ရွက်ရာတွင် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်းသည်သာလျှင် မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံးဖြစ်သည်ဟု လေ့လာတွေ့ရှိနိုင်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒေသအရေး တောင်းဆိုမှုအားနည်းသည်ကို လေ့လာတွေ့ရှိရသည်။ ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် လူတစ်စုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ မဖြစ်သင့်ဘဲ ဒေသကိုကိုယ်စားပြုသည့် အဖွဲ့အစည်းများအဖြစ်သာ လျော်ကန်သင့်မြတ်ပေသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဟု အတိအလင်း ပြောကြားထားသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး၏ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်မည့်နေ့ရက်ကို အားလုံးက မျှော်လင့်လျက်ရှိသည်။

**လွတ်လပ်ရေးဆုံးရှုံးခြင်းပင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ အများပြည်သူဆန္ဒဖြင့် ဒီမိုကရေစီစနစ် ပေါ်ထွန်းလာခြင်းဖြင့် တိုင်းရင်းသားပြည်သူများ အခွင့်အရေးများကို လွှတ်တော်စင်မြင့်တွင် ဆွေးနွေးအဖြေရှာရယူနိုင်မည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လူပုဂ္ဂိုလ်ကို ဦးစားပေး၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတွင် မဖြစ်သင့်သည့်ကိစ္စများ ပေါ်ပေါက်ခဲ့ရသည်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်း၌ နိုင်ငံအုပ်ချုပ်ရေးနှင့် စီးပွားရေးတွင် ပြည်သူများအား အသိပေးချမပြဘဲ ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များ ရယူဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့သည်။ ပြည်ပနိုင်ငံများ၏ ဩဇာအောက်သို့ မသိမသာရောက်ရှိနေခြင်းသည် တစ်နည်းအားဖြင့် နိုင်ငံ၏ လွတ်လပ်ရေးဆုံးရှုံးခြင်းပင်ဖြစ်သည်။

“ဒေသတွင်းရှိ ပြည်သူလူထုမှ အစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့်သဘောထားများရှိရန်လိုအပ်ပြီး မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ဒေသခံများ၏အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနတပ်ဖွဲ့ဝင်များအား တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

**အားလုံးပါဝင်ဆောင်ရွက်**

မျက်မှောက်ကာလ၌ ဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က တည်ဆောက်ပေးထားသောလမ်း၊ တံတားစသည့် အဆောက်အအုံများနှင့် လူသားအရင်းအမြစ်များ ဖျက်ဆီးခံရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပဋိပက္ခများဖြစ်ပေါ်နေသည့်ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် ပညာသင်ကြားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ ထိခိုက်မှုများဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

**မြန်မာနိုင်ငံတွင် တစ်ပြေးညီခံစားခွင့်၊ တစ်ပြေးညီဖွံ့ဖြိုးခွင့် မရရှိသေးသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်က အဓိကအကြောင်းရင်း ဖြစ်ပေသည်။ တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေဒေသနှင့် တည်ငြိမ်အေးချမ်းမှု မရှိသည့် နယ်မြေဒေသများကို နှိုင်းယှဉ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေဒေသများတွင် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပေသည်။**

**လှိုက်လှိုက်လှဲလှဲကြိုဆို**

ထာဝရငြိမ်းချမ်းရေးအတွက် NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည်မှာ (၈) နှစ်မြောက်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရန် စီစဉ်ထားကြောင်းသိရပြီး သမိုင်းဝင်အခမ်းအနားကြီးသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပါအဝင် နယ်ပယ်ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအပြင် ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များကိုလည်း အထူးဖိတ်ကြားထားသည်ဟု သိရသည်။

**ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များအား ဖိတ်ကြားထားရာတွင် အချို့မှာ တက်ရောက်မည်ဟု အကြောင်းပြန်ကြားပြီး အချို့မှာ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ၎င်းတို့၏အဓိကကျသည့် ကိုယ်စားလှယ်များကို စေလွှတ်မည်ဟု လေးစားသမှုဖြင့် အလေးထားပြန်ကြားခဲ့သည်ဟုသိရသည်။ ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အလေးထားမှုရှိသည်ဆိုလျှင် ကာယကံရှင် အဓိကသက်ဆိုင်သူများအနေဖြင့် ပိုမိုအလေးထား တန်ဖိုးထားသင့်သည်ဟု ရှုမြင်ပါသည်။ အထူးသဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံး တက်ရောက်ရန်လိုအပ်ပြီး NCA တွင် လက်မှတ်မထိုးထားသည့် အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားပါက အခမ်းအနားသို့ တက်ရောက်လာမည်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုရမည်ဖြစ်သည်။**

ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်လင့်လျက်ရှိသည့် အိပ်မက်တစ်ခုပင်ဖြစ်သည်။ အားလုံးမျှော်လင့်နေကြသည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်သည်။ ယုံကြည်မှုများပျက်ပြားပြီး အမုန်းတရားများကြောင့် တိုင်းပြည်နှင့်လူမျိုးများစွာ နစ်နာခဲ့ရသည်။ ပြည်ထောင်စုကြီး၏ အနာဂတ်ကို မြော်တွေး၍ အားလုံးသံသယရှင်းရှင်း၊ အာဃာတကင်းကင်းဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရေးအတွက် ငြိမ်းချမ်းရေးခရီး သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးမြို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့



နေပြည်တော် အောက်တိုဘာ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၌ တာပေါင်ရေကျော်နေမှု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓမ္မလင်္ကာရကျောင်းတိုက် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းနှင့် မွန်ဓမ္မာရုံကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးသင့်ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အရေးပေါ် လိုအပ်လာနိုင်မည့် ကျန်းမာရေးကိစ္စရပ်များ၊ နောက်ဆက်တွဲကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မြွေနှင့် ကင်းကဲ့သို့သော အဆိပ်ရှိသတ္တဝါများ အန္တရာယ်မှ သတိပြုနေထိုင်ရေးနှင့် ရေဘေးရှောင်စခန်းများ၌ ခေတ္တလာရောက်သည့် ပြည်သူများ အနေဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် လိုအပ်ကြောင်းပြောကြားကာ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၃၆ ခုမှ အိမ်ထောင်စု ၃၄၆၅ စု၊ ဘေးသင့်ပြည်သူ ၁၄၃၀၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၀၀၃၈၄၀၀၀နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ရေဘေးကွပ်ကဲရေးစခန်း ဖွင့်လှစ်ထားရှိသည့်သာသနာ့ဗိမာန်သို့ ရောက်ရှိရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပဲခူးမြို့အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နေမှု၊ တိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့က စီမံဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးနေမှု၊ စခန်းများတွင် စားရေရိက္ခာ စီမံထားရှိမှု၊ ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဖိုက်ဘာစက်လှေများနှင့် အရေးပေါ်အသုံးပြုရန် ရေသန့်စင်ဆေးပြားများ ထောက်ပံ့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ ရှင်စောပုရပ်ကွက် အုန်းပင်လမ်း လမ်းမကြီးနှင့် မဂ္ဂတစ်လမ်းဆုံ ရေဝင်ရောက်မှုအခြေအနေနှင့် ပဲခူးမြို့ မြို့ရှောင်လမ်းနှင့် ကတွင်းချန်ရွာရေထွက်ပေါက်မှ ရေလွှဲထုတ်နိုင်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်ထိုမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိနေအိမ်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူ ၉၄၁ ဦးအား ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် ဇေယျာမွန်ရပ်ကွက်ရှိ တောရရွှေဂူကျောက်တွင်း ဘုန်းတော်ကြီးကျောင်း၊ ကော့စံနိုင်ရပ်ကွက်ရှိ တောရဘုန်းတော်ကြီး ကျောင်း ဓမ္မာရုံနှင့် မြောက်ပိုင်းရပ်ကွက်ရှိ သာသနာ့ပါလ ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ကျိုက်ထိုတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ အောက်တိုဘာ ၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဥက္ကံချောင်းရေများ မြင့်တက်လာမှုကြောင့် အဆိုပါမြို့ရှိ ဥက္ကံရွာမကျေးရွာအုပ်စု၊ ရင်းတိုက်လေးပင်ကျေးရွာအုပ်စုနှင့် မင်းရဲကျော်စွာရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကင်းလွတ်သည့်နေရာများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့၌ ကျောင်းနေအရွယ်ကလေးများ အာဟာရပြည့်ဝစေရေး နွားနို့တိုက်ကျွေး

မြဝတီ အောက်တိုဘာ ၉

ကရင်ပြည်နယ် မြဝတီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျောင်းနေအရွယ်ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးပြီး ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေရန် ရည်ရွယ်၍ နွားနို့တိုက်ကျွေးရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စောစိုးနေမြကျေးရွာ မူလတန်းလွန်ကျောင်း၌ တိုက်ကျွေးပေးသည်။

ဦးစွာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာတင့်လွင်က နိုင်ငံတစ်ဝန်း ကျောင်းနေအရွယ်ကလေးများအာဟာရပြည့်ဝသည့် ဖြည့်စွက်အစားအစာများ တိုက်ကျွေးပေးရခြင်း အကျိုးကျေးဇူးနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာတင့်လွင်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းဝင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များက ကျောင်းသား ကျောင်းသူ ဦးရေ ၇၀၀ အား အာဟာရပြည့်ဝစေရန် နွားနို့ဘူး ၇၀၀၊ ကြက်ဥအလုံး ၇၀၀ တို့ကို တစ်ဦးချင်းအလိုက် တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပဲခူးမြစ်ရေ ပဲခူးမြို့၏ စိုးရိမ်ရေမှတ်၌ ဆက်လက်တည်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော် (၁၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဘီးလင်းမြစ်ရေ ဘီးလင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အနာဂတ်မဲခေါင်မြစ်ဝှမ်းပန်းခင်းကြီးအတွက် အဖူးအငုံလေးများအား ပျိုးထောင်ခြင်း

နန္ဒာလွင်မိုး(MISIS)

ကမ္ဘာဦးအစကပင် လူသားတို့သည် ရှင်သန်ရပ်တည်နိုင်ရန် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မှီတင်းသဟဲပြု ပေါင်းဖက်နေထိုင်ခဲ့ကြရသည်။

ဝင်းချင်းကပ်၊ အိမ်ချင်းနီး၊ တစ်မြေတည်းအတူနေ တစ်ရေတည်းအတူသောက် ပေါက်ဖော်၊ အစားတူ အသွားတူ၊ ရည်မှန်းချက်တစ်ထပ်တည်း၊ တစ်လှေတည်းလှော်၊ တစ်ခရီးတည်းသွားဆိုပြီး စိတ်မျှကိုယ်တူ ယှဉ်တွဲကျော်ဖြတ်ခဲ့ကြရသည်။ ဤသို့ ပူးတွဲနေထိုင်ခဲ့ခြင်းသည်ပင် အစုအဖွဲ့၊ အသင်းအပင်း၊ လူမျိုးစု၊ ဒေသ၊ နိုင်ငံ စသည်ဖြင့် ပေါ်ပေါက်မှုတို့၏ မူလအစဖြစ်ပေတော့သည်။

လူဖြူ၊ လူမည်း၊ လူဝါဟုဆို၍ အသားအရောင်ခွဲခြား၍သော်လည်းကောင်း၊ ဥရောပ၊ အာရှ၊ အာဖရိက၊ အမေရိကဟူ၍ ဒေသချင်းသော်လည်းကောင်း အစုလိုက်အဖွဲ့လိုက် နေထိုင်ခဲ့ကြသည်။ ထိုသို့နေထိုင်ကြရင်းဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ပထဝီတည်နေရာအပေါ်မူတည်၍ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံယဉ်ကျေးမှုတို့အရ မတူကွဲပြားသော စံနှုန်းသတ်မှတ်ချက်များအလိုက် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရှေးရှုကာ ယုံကြည်ရာခရီးကို လျှောက်လှမ်းနေကြပါသည်။

### မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားသော ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်

တရုတ်နိုင်ငံ၏ တိဘက်ကုန်းမြင့်ဒေသမှ မြစ်ဖျားခံ၍ အင်ဒိုချိုင်းနားကျွန်းဆွယ်ကို ဖြတ်သန်းစီးဆင်းသွားသော ရေစီးကြောင်းကြီးကို လန်ချန်း-မဲခေါင်မြစ်ဟု သမုတ်ခဲ့ကြပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့သည် အဆိုပါမြစ်ဝှမ်းကြီးပေါ်တွင် တည်ရှိခဲ့ကြလေသည်။ မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားသော ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်ဖြစ်သည့် မဲခေါင်မြစ်ဝှမ်းဒေသတစ်လျှောက်သည် လူဦးရေ သန်း ၂၃၀ ကျော်အား အကျိုးပြုအသုံးတော်ခံလျက်ရှိသည်။

ယင်းမြစ်ကြောင်းကြီးကိုဗဟိုပြု၍ မိမိတို့နိုင်ငံများသည်လည်း ယဉ်ကျေးမှုချင်းဆက်နွယ်မှု၊ ကောင်းမွန်သော မိသားစုဆက်ဆံရေးနှင့် အတူတကွဝေမျှသုံးစွဲခြင်းဟူသည့် အကြောင်းတရားများဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် လက်တွဲဆောင်ရွက်ခဲ့ကြလေသည်။ ပထဝီအနေအထားအရ အရင်းအမြစ်များကို မျှဝေသုံးစွဲလျက်ရှိသည့် မဲခေါင်မြစ်ဝှမ်းဒေသသည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံး ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်နေပါတော့သည်။

မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံမှ စတင်အဆိုပြုခဲ့ပြီး အဆိုပါဆွေးနွေးမှုကို အခြေခံကာ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်ထူထောင်ရန် တရုတ်နိုင်ငံမှ အဆိုပြုခဲ့ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးမူဘောင်ကို စတင်နိုင်ခဲ့ကြသည်။ စတင်မြစ်ဖျားခံခဲ့သည့် တရုတ်နိုင်ငံသည် ဦးစီးဦးဆောင်ပြု၍ မဲခေါင်-လန်ချန်းမြစ်ဝှမ်းဒေသအား ဖွံ့ဖြိုးတိုးတက်လာစေရေး အနာဂတ်အစီအစဉ်များ ပူးတွဲရေးဆွဲခြင်း၊ ရန်ပုံငွေများချမှတ်၍ ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့ မြင့်မားလာစေရန် ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို တရုတ်နိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်ဟူ၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် မဏ္ဍိုင်သုံးရပ်ကို ဖွဲ့စည်းသွားရန် သဘောတူညီခဲ့ပါသည်။



ပူးပေါင်းဆောင်ရွက်မှုစတင်ခဲ့ချိန် ၂၀၁၆ ခုနှစ်မှစ၍ တရုတ်နှင့် မဲခေါင်နိုင်ငံများမှ အဆိုပြုသော စီမံကိန်း ၇၇၉ ခုကို ရွေးချယ်အတည်ပြုခဲ့ပြီး စီမံကိန်းအကောင်အထည်ပေါ်ရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေများမှ ပံ့ပိုးထောက်ကူလျက်ရှိပါသည်။ လက်တွေ့ဆန်ပြီး ကြီးမားသည့် အကျိုးသက်ရောက်မှုများကြောင့် ယဉ်ကျေးမှုဖလှယ်ခြင်း၊ အပြန်အလှန် ကူညီထောက်ပံ့ခြင်းနှင့် ရင်းနှီးယှက်နွယ်ဆောင်ရွက်ခြင်းတို့တွင် သိသိသာသာ တိုးတက်လာခဲ့ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားတွင် ပါဝင်သည့်စီမံချက်များအားလုံး အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် တရုတ်နိုင်ငံမှ မတည်ထူထောင်ပေးသော ရန်ပုံငွေလေးရပ်ကို အသုံးပြုလျက်ရှိပါသည်။ အဆိုပါရန်ပုံငွေများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမေရိကန်ဒေါ်လာ သန်း ၃၀၀ မတည်ပေးသော အထူးရန်ပုံငွေ (Special Fund)

( ခ ) ယွမ် ၁၀ ဘီလီယံ မတည်ပေးထားသော အတိုးနှုန်းသက်သာသည့် ချေးငွေ (Concessional Loan)

( ဂ ) အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ မတည်ပေးထားသော အခြားချေးငွေ (Credit Loan)

(ဃ) အမေရိကန်ဒေါ်လာ သန်း ၂၀၀ မတည်ပေးထားသော ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ။

### စီမံကိန်း ၁၀၆ ခုကို အကောင်အထည်ဖော်ပြီးဖြစ်

မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စတင်ထူထောင်သည့် ၂၀၁၇ ခုနှစ်မှစ၍ စီမံကိန်းများအဆိုပြုခဲ့ပြီး ခွင့်ပြုချက်ရရှိခဲ့သော စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းတန်ဖိုးရှိ စီမံကိန်း ၁၀၆ ခုကို အကောင်အထည်ဖော်ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးအပေါ် မှီခိုအသက်မွေးနေကြရသည့်အားလျော်စွာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျနေပါသည်။ ထို့ကြောင့် ခုနစ်နှစ်တာကာလအတွင်း အဆိုပြုစီမံကိန်းလျှောက်ထားမှုများအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းသည့် စီမံကိန်းများသည် ခွင့်ပြုချက်အများဆုံးရရှိခဲ့ပါသည်။

> ‘မိမိတို့နိုင်ငံများသည်လည်း ယဉ်ကျေးမှုချင်းဆက်နွယ်မှု၊ ကောင်းမွန်သော မိသားစုဆက်ဆံရေးနှင့် အတူတကွ ဝေမျှသုံးစွဲခြင်းဟူသည့် အကြောင်းတရားများဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် လက်တွဲဆောင်ရွက်ခဲ့ကြလေသည်။ ပထဝီအနေအထားအရ အရင်းအမြစ်များကို မျှဝေသုံးစွဲလျက်ရှိသည့် မဲခေါင်မြစ်ဝှမ်းဒေသသည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံးဒေသများအနက် တစ်ခုအပါအဝင်ဖြစ်’

စီမံကိန်းစုစုပေါင်း ၃၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး သီးနှံကဏ္ဍဆိုင်ရာ စီမံကိန်း ၁၈ ခု၊ မွေးမြူရေးကဏ္ဍဆိုင်ရာ စီမံကိန်း သုံးခု၊ ငါးလုပ်ငန်းကဏ္ဍဆိုင်ရာစီမံကိန်းနှစ်ခု၊ စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာ ပညာရေးစွမ်းဆောင်ရည်မြှင့်တင်နိုင်မှုနှင့် သုတေသနဆိုင်ရာစီမံကိန်း ရှစ်ခု၊ လူမှုဘဝမြှင့်တင်ပေးရေးဆိုင်ရာစီမံကိန်း နှစ်ခုနှင့် စိုက်ပျိုးရေးကိန်းဂဏန်းအချက်အလက်ဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်း နှစ်ခုတို့ပါဝင်ပြီး ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရေး၊ အရည်အသွေးမီ လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးတို့အတွက် ကြိုးစားအကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့ပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည်လည်း စီမံကိန်းခွင့်ပြုချက်အများဆုံးရရှိသည့် ဝန်ကြီးဌာနများထဲတွင်ပါဝင်ပြီး ကျေးလက်နေပြည်သူများ၏ နေ့စဉ် အသက်မွေးဝမ်းကျောင်းမှု လွယ်ကူအဆင်ပြေစေရေး၊ လူနေမှုအဆင့်အတန်းမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ရေရရှိရေး၊ အသေးစားဆိုလာမီးလင်းရေး၊ ကျေးရွာကုန်ထုတ်လုပ်မှု အခြေခံအဆောက်အအုံ၊ လူမှုရေးဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အတွေ့အကြုံမျှဝေခြင်းဆိုင်ရာစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ သုတေသန၊ လူမှုဖူလုံရေး၊ စွမ်းရည်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနှင့် သမားရိုးကျမဟုတ်သောလုံခြုံရေး စသည့်နယ်ပယ်စုံ၊ ကဏ္ဍစုံတို့ကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားအောက်မှ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိနေပါသည်။ ထိုသို့ ဆောင်ရွက်ခွင့်ရရှိခဲ့ရမှုများသည်ပင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဆိုသည့် ပြယုဂ်ဖြစ်ခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီခြင်းမှသည် မိမိတို့နိုင်ငံအတွင်း လိုအပ်ချက်ဖြစ်နေသည့် ကွက်လပ်အချို့ကို ဤယန္တရားကြီးအောက်မှတစ်ဆင့် ဖြည့်တင်းနိုင်ခဲ့ပါသည်။

မဲခေါင်မြစ်ဝှမ်းနိုင်ငံများသည် မိမိတို့၏ ပြည်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် လိုအပ်သည့်ကဏ္ဍအလိုက် အဆိုပြုချက်များကို နှစ်အလိုက် စီမံကိန်းများ ရေးဆွဲတင်ပြကာ အကောင်အထည်ဖော်လျက်ရှိပါသည်။ အလားတူပင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူဖြစ်စေရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားကို လေးစားသိရှိနားလည်ရန်နှင့် ထိထိရောက်ရောက် တိုးတက်အသုံးချရန်လိုပါမည်။

### ဗဟုသုတပြန့်ပွားရေးပြပွဲ နေပြည်တော်၌ ကျင်းပ

ထို့ကြောင့် သမိုင်းအဖြစ် ကျန်ရစ်ခဲ့မည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားအောက်မှ တစ်ဆင့် ရရှိခဲ့သော ကဏ္ဍစုံဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများနှင့်ပတ်သက်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ စီမံကိန်းများနှင့် ယင်းစီမံကိန်းများ၏ အကျိုးရလဒ်တို့ကို သိရှိနိုင်စေရန် ရည်ရွယ်ကာ ဗဟုသုတပြန့်ပွားရေးပြပွဲတစ်ရပ်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

စာမျက်နှာ ၁၂ သို့ ○

## ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ဘားအံ အောက်တိုဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် သီတင်းသုံး နေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှု မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ပေးလျက်ရှိရာ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာန ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့် ဝန်ထမ်းများသည် ကော့ကရိတ်မြို့ မြို့မကျောင်းကြီး ပရိယတ္တိစာသင်တိုက်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)

**"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့"**

**"Fighting Inequality for A Resilient Future"**

**အောက်တိုဘာလ (၁၈) ရက်**

**■ ကျောဖုံးမှ**

အမျိုးသား ၆၀-၆၃ ဒသမ ၅ ကီလိုတန်း အောင်လံဗိုလ်လုပွဲတစ်ပွဲဖြစ်သည့် လောက္ကဒူး (တော်ဝင်ရိုးရာ)နှင့် ဂေါ်ဒိုထူး(ရိုးရာကျား)တို့ပွဲတွင် ဂေါ်ဒိုထူးက ဦးဆောင်ဖွင့်ထိုးသော်လည်း အငြိမ်ကစားသည့် လောက္ကဒူး၏ လက်သီးတွဲလုံးများကြောင့် ဂေါ်ဒိုထူး ထင်တိုင်းလုပ်မရဖြစ်ခဲ့ရသည်။ ဒုတိယအချီတွင် နှစ်ဦးစလုံး နိုင်လိုဇောဖြင့် ဆိုင်ထိုးပြိုင်ထိုးခဲ့သော်လည်း အနိုင်အရှုံးမပေါ်သဖြင့် တတိယအချီအထိ ယှဉ်ပြိုင်ခဲ့ပြီး လောက္ကဒူးက ဒိုင်အဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ အောင်လံကို ရရှိခဲ့သည်။

အမျိုးသား ၆၇-၇၁ ကီလိုတန်း အောင်လံဗိုလ်လုပွဲတွင် အာကာဖြိုး(Tiger Gym)နှင့် ဇော်သက်နောင် (Knight)တို့ပွဲစဉ်တွင် ပထမအချီ ၂ မိနစ် ၁၇ စက္ကန့်အရောက်၌ ဇော်သက်နောင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

အောင်လံထိန်းပွဲစဉ်များဖြစ်သည့် အမျိုးသား ၅၄-၅၇ ကီလိုတန်း နော်နော်(Python) နှင့် အောင်ကို (Tiger Gym)တို့ပွဲစဉ်တွင် နော်နော်က ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ ရိန်နော်(K.C.K)နှင့် စောထီး (ကျားမနိုင်)တို့ပွဲစဉ်တွင် စောထီးကအလဲထိုးဖြင့်လည်းကောင်း၊ အမျိုးသား ၅၇-၆၀ ကီလိုတန်း ကျားရိုင်း(ကျားဘုရင်)နှင့် ကဲဒိုစေး(ရိုးရာကျား)တို့ပွဲစဉ်တွင် ကျားရိုင်းကလည်းကောင်း၊ မင်းခန့်စိုး (နဂါးမာန်)နှင့် အောင်ခန့်(Smart Fight)တို့ပွဲစဉ်တွင် မင်းခန့်စိုးက လည်းကောင်း၊ အမျိုးသား ၆၀-၆၃ ကီလိုတန်း ရိန်ကြွယ်နော် (Python)နှင့် ကောင်းဆက်နိုင်(ရိုးရာကျား) တို့ပွဲစဉ်တွင် ရိန်ကြွယ်နော်က လည်းကောင်း၊ အမျိုးသား ၆၇-၇၀ ကီလိုတန်း ရဲမင်း(Python) နှင့် အဒူး(Eagle)တို့ပွဲစဉ်တွင် ရဲမင်းက လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ထို့အတူ အောင်လံထိန်းပွဲစဉ်များဖြစ်သည့် အမျိုးသား ၅၂-၅၄ ကီလိုတန်းပြိုင်ပွဲတွင် မြင့်မြတ်ဟိန်း (လုံးချောကလပ်)နှင့် အောင်ကောင်းကျော်(Ray)၊ အမျိုးသား ၅၄-၅၇ ကီလိုတန်းပြိုင်ပွဲတွင် စိုးနောင်နောင် (ဒေါနသွေး)နှင့် သန်းလင်းအောင်(Ray)၊ အမျိုးသား ၅၇-၆၀ ကီလိုတန်း ပြိုင်ပွဲတွင် ရဲကျော်အောင်(360 Sports)နှင့် ဈာန်ထွန်း (အဖြူရောင်သွေးသစ်)၊ အမျိုးသား ၆၀-၆၃ ကီလိုတန်းပြိုင်ပွဲတွင် ညီရဲခန့်(Y.F.C)နှင့် ရဲလင်းဇော် (Smart Fight)တို့ အသီးသီး ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း အနိုင်အရှုံး မပေါ်ဘဲ အလူးအလဲနှင့်ပူးတွဲသရေရလဒ်သာ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-လင်းရာမ**

**○ မန်စီးတီးအသင်းမှ**

အာဆင်နယ်အသင်းဟာ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၈) ကစားပြီးချိန်မှာ အမှတ်ပေးဇယား ထိပ်ဆုံးမှာဦးဆောင်နေတဲ့ လန်ဒန်မြို့ခံပြိုင်ဘက် စပါးအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့အတူ အဆင့်(၂)နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲ၌ လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့တဲ့အပြင် ရာသီအစပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်မှာလည်း သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ပင်နယ်တီအဆုံးအဖြတ်မှာ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်ရှစ်ပွဲ ကစားပြီးချိန်မှာ ရမှတ် ၁၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**○ စာမျက်နှာ ၁၁ မှ**

ထိုသို့ အစိုးရနှင့်ဝန်ကြီးဌာနတို့၏ ဆောင်ရွက်ချက်များနှင့် စီမံကိန်းများ၏ အနှစ်သာရကို ပြည်သူများ ဗဟုသုတရရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီး မိမိကိုယ်တိုင် မြှင့်တင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ကာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟုသုတပြန့်ပွားရေး ပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါပြပွဲတွင် ဝန်ကြီးဌာန စုစုပေါင်း ၁၅ ခုက ပူးပေါင်းပါဝင်ကာ ၎င်းတို့ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုနှင့် စာအုပ်စာတမ်းများဖြင့် ဝေဝေဆာဆာ ခမ်းနားကြီးကျယ်စွာ ပြည်သူလူထုအား ခင်းကျင်းပြသခဲ့ကြပါသည်။

ထို့အပြင် ယှဉ်တွဲနေထိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရရှိလာသည့် အကျိုးဆက်များနှင့် ပတ်သက်ပြီး တိုင်းပြည်၏ အနာဂတ်ဖြစ်သော မျိုးဆက်သစ်လူငယ်များအနေဖြင့် နားလည်ထားမည်ဆိုပါက နောင်အနာဂတ်တွင် ယခုထက်ပိုမိုပြည့်စုံသည့်ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်နိုင်ကြလိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။ ထို့ကြောင့် လူငယ်များ၏ မဲခေါင်ဒေသအပေါ်သိမြင်မှု၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအပေါ် သဘောပေါက်နားလည်မှု၊ စိတ်ပါဝင်စားခြင်း တိုးတက်လာစေရန် ဆွဲဆောင်မှုရှိသည့် အစီအစဉ်တစ်ရပ်အနေဖြင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ရပ်ကိုလည်း ငွေအား၊ လူအား၊ အကြံဉာဏ်အားများ စိုက်ထုတ်၍ ထည့်သွင်းကျင်းပခဲ့ပါသည်။

အဆိုပါပြိုင်ပွဲအား နေပြည်တော်ကောင်စီနယ်မြေရှိ အထက်တန်းကျောင်း ၁၀ ကျောင်းမှ ကျောင်းသားကျောင်းသူ ၅၀ နှင့် တာဝန်ခံဆရာဆရာမ ၁၀ ဦး စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၆၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းများမှာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (ပျဉ်းမနားမြို့)၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (လယ်ဝေးမြို့)၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း(တပ်ကုန်းမြို့)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ပုဗ္ဗသီရိမြို့)၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ပျဉ်းမနားမြို့)၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း(ဇမ္ဗူသီရိမြို့)၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း(ဇမ္ဗူသီရိမြို့)၊ အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်း (ဒက္ခိဏသီရိမြို့)နှင့် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း(ဥတ္တရသီရိမြို့)တို့ ဖြစ်ကြပါသည်။

မဲခေါင်မြစ်ဝှမ်းဒေသနှင့် ပတ်သက်သည့် အခြေခံသမိုင်းကြောင်းဗဟုသုတများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားအောက်မှ အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများနှင့် ပတ်သက်သည့် မေးခွန်းများအား အသင်းလိုက် အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (လယ်ဝေးမြို့) အသင်းက ပထမဆု၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ပျဉ်းမနားမြို့) အသင်းက ဒုတိယဆုနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (တပ်ကုန်းမြို့)အသင်းက တတိယဆုတို့ကို အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့သည် ကျောင်းသားများ ဗဟုသုတရရှိစေသည့်အပြင် ပျော်ရွှင်ကြည်နူးမှုများပါ ရရှိစေရန်အတွက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် ကျန်အသင်းအားလုံးကို နှစ်သိမ့်ဆုအဖြစ် ကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့ပါသည်။ ဤသို့ ဉာဏ်စမ်းပြိုင်ပွဲ ဖြစ်စေရန် ဝိုင်းဝန်းကူညီပေးခဲ့သော ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကျောင်းများမှ တာဝန်ရှိသူများ၊ ကြီးကြပ်သူ ဆရာ ဆရာမများ၊ အားတက်သရော ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို အထူးပင်ကျေးဇူးတင်ပါသည်။

စာရှုသူများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူလူငယ်များ အားကြိုးမာန်တက် ကြိုးစား၍ ဖြေဆိုခဲ့ကြသည့် ပဟေဠိမေးခွန်းများအနက် အောက်ပါမေးခွန်းများကို ဖြေဆိုကြည့်လိုပါက ဖြေဆိုကြည့်ပြီး နောက်နေ့ထုတ်သတင်းစာတွင် ပဟေဠိမေးခွန်းများ၏အဖြေမှန်များအား ပြန်လည်ကြည့်ရှုခြင်းဖြင့် စာရှုသူများ၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ဗဟုသုတကို တိုင်းတာကြည့်ရှုနိုင်ပါသည်။

(၁) မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထိမ်းအမှတ်ပစ္စည်းသည် (က) ခြောက်နိုင်ငံ လက်ဆွဲနှုတ်ဆက်နေသည့်ပုံ၊ (ခ) လှော်တက်၊ (ဂ) ငါးဖမ်းလှေဖြစ်သည်။

(၂) ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်နိုင်ငံ (က) ပေကျင်းမြို့၊ (ခ) နန်နင်းမြို့၊ (ဂ) ဆန်းယမြို့တို့၌ ကျင်းပခဲ့ပါသည်။

(၃) မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် အတည်ပြုခဲ့သော "ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာလုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ (MLC Five-Year Plan of Action 2018-2022) အရ 3+5 မူဘောင်ကို 3+5+X မူဘောင်အဖြစ် တိုးချဲ့ခဲ့ရာတွင် X တွင် ပါဝင်သည့် ကဏ္ဍများအနက် သုံးခုကို ဖော်ပြပါ။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့သည် အထက်ပါ မဲခေါင်-လန်ချန်းဒေသဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်ပြီး မြန်မာပြည်သူများအကြား အထူးသဖြင့် ကျောင်းသားလူငယ်များအတွင်း ဗဟုသုတပြန့်ပွားစေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် အနာဂတ်ခေါင်းဆောင်များဖြစ်သော ကျောင်းသားလူငယ်များအကြား လွတ်လပ်စွာ တွေးခေါ်ဆင်ခြင်နိုင်စွမ်းနှင့် ဗဟုသုတပြန့်ပွားစေခြင်းဟူသည့် စိတ်ဓာတ်မြှင့်တင်တည်ဆောက်နိုင်မှုကို Think Tank ဟူသော လွတ်လပ်စွာတွေးခေါ်ဆင်ခြင်နိုင်ပြီး လွတ်လပ်စွာဖွဲ့စည်းတည်ဆောက်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ၎င်း၏အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ 'ယနေ့လူငယ် နောင်ဝယ်လူကြီး' ဖြစ်သည့် နိုင်ငံ့အနာဂတ်ရင်သွေးမောင်မယ်များအတွက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ဆက်လက်ပြီး စွမ်းစွမ်းတမံ ဖြည့်ဆည်းပေးဆပ်သွားပါမည်ဟု သန္နိဋ္ဌာန်ပြုလိုက်ရပါတော့သည်။

**ပဟေဠိအဖြေမှန်များ**

**၁။ (ခ) လှော်တက်**

**၂။ (ဂ) ဆန်းယမြို့**

**၃။ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အကောက်ခွန်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ သတင်းမီဒီယာကဏ္ဍ**

**ကိုးကားစာရင်း**

**- မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု "ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့ မိသားစု" (မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ (မြန်မာ))**

## လာအိုနိုင်ငံ၌ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်

**ဗီယင်ကျန်း အောက်တိုဘာ ၉**

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၄ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်စေရေးအတွက် နည်းလမ်းများကို လာအိုတာဝန်ရှိသူများအကြား ဆွေးနွေးခဲ့ကြသည်။

ယင်းဖိုရမ်ကို လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံအမျိုးသား ရုပ်မြင်သံကြားသတင်းဌာနမှ သိရသည်။

လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး Suane-savanh Vignaket ဦးဆောင်သည့် လုပ်ငန်းအဖွဲ့သည် ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ ဗီယင်ကျန်းတွင် အောက်တိုဘာ ၅ ရက်က အစည်းအဝေးကျင်းပခဲ့သည်။

၎င်းဖိုရမ်တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် ခရီးသွားအစီအစဉ် စီစဉ်ပေးခြင်းနှင့် အရည်အသွေးပြည့်မီသည့်အစားအသောက်များကို သန့်ရှင်းသည့် ပတ်ဝန်းကျင်တွင် စားသုံးနိုင်စေရေး တို့ကဲ့သို့သော လုပ်ငန်းများကို စီစဉ်ဆောင်ရွက်မည်ဟု ၎င်းကပြောကြားခဲ့သည်။

နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှု လုပ်ငန်းစဉ်၏ စနစ်တကျဖြစ်စေရန်နှင့် ကိုယ်စားလှယ်များသုံးစွဲမည့် စက်ပစ္စည်း ကိရိယာများ ရရှိရေးတို့အတွက်လည်း ဆောင်ရွက်မည်ဟု သိရသည်။

ဖိုရမ်အတွက် ပြင်ဆင်မှုအများအပြား လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ဝန်ကြီးဌာန၏ ခရီးသွားဈေးကွက်ရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Khom Douangchantha က ပြောသည်။




လာအိုနိုင်ငံသည် ယခင်က အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၂၀၀၄ နှင့် ၂၀၁၃ ခုနှစ်များတွင် ကျင်းပခဲ့ပြီး နောက်ပိုင်းနှစ်များတွင် နိုင်ငံအတွင်း ခရီးသွားအရေးအတွက် တိုးမြင့်လာခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၄၄၅ ဦးရှိလာ

**ဟီရတ် အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်နှင့် အိမ်နီးချင်းပြည်နယ်များ၌ ဖြစ်ပွားခဲ့သည့် မြေငလျင်လှုပ်ခတ်မှုနှစ်ခုကြောင့် သေဆုံးသူ ၂၄၄၅ ဦး ရှိလာကြောင်း ဟီရတ်ပြည်နယ် အာဏာပိုင်များက အောက်တိုဘာ ၈ ရက် ညပိုင်းတွင် ပြောကြားသည်။

ယင်းမြေငလျင်ကြောင့် ပျက်စီးမှုအများဆုံးဒေသမှာ ဟီရတ်ပြည်နယ်အတွင်းရှိ ဇန်ဒါဂျန်ခရိုင်ဖြစ်ပြီး ယင်းဒေသတွင် ကျေးရွာ ၁၃ ရွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ဟီရတ်ပြည်နယ်ညွှန်ကြားရေးမှူး မော်လဝီမူဆာအက်ရှာရီက ပြောသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၉၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ



မူလန်ဂျာနန်ရှေ့ခ်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းမြေငလျင်နှစ်ခု လှုပ်ခတ်ခဲ့မှုအတွက် နိုင်ငံတကာ အကူအညီများရရှိရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်သားများက တောင်းဆိုထားကြောင်း သိရသည်။

လက်ရှိတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က အဝတ်အထည်များနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ ပေးပို့ထားပြီး ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကလည်း အိမ်ထောင်စု ၇၀၀ အား အစားအသောက်များ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

## ကင်မရွန်းနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၂၇ ဦးရှိလာ

**ယောင်ဒီ အောက်တိုဘာ ၉**

ကင်မရွန်းနိုင်ငံ၏ မြို့တော်ယောင်ဒီ၌ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၂၇ ဦး ရှိလာကြောင်းနှင့် လူပေါင်းများစွာလည်း ရွှံ့ညွန်များအောက်တွင် ပိတ်မိနေဆဲဖြစ်ကြောင်း ယောင်ဒီဒေသအုပ်ချုပ်ရေး ဝန်ကြီး ပေါလ်အာတန်ဂါအင်န်ဂျီက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

**ဖြစ်ပွားခဲ့**

အဆိုပါမြေပြိုမှုသည် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ပြီးနောက် ယောင်ဒီမြို့ရှိ အမ်ဘန်ကိုလိုတောင်ကုန်း ဒေသ၌ အောက်တိုဘာ ၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြေပြိုမှုကြောင့် ဒဏ်ရာရရှိခဲ့သူ ၂၀ ခန့် ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အသက်ရှင်ကျန်ရစ်သူများအား ကယ်ဆယ်ရန် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကင်မရွန်းနိုင်ငံ၏ မြို့တော်ယောင်ဒီသည် မတ်စောက်သည့်တောင်ကုန်းပေါင်းများစွာရှိသည့်အပြင် အာဖရိက၏ အစွတ်စိုဆုံးမြို့များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ကင်မရွန်းနိုင်ငံ၌ ယခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရတ်တရက်ရေကြီးမှု အများအပြားဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ထောက်ပံ့ရေးပစ္စည်းများကို ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



## ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်

**ဟနွိုင်း အောက်တိုဘာ ၉**

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာမည်ဟု အာဆီယံ+၃ မက်ခရိုစီးပွားရေးဆိုင်ရာ လေ့လာရေးရုံးမှ ပြောကြားသည်။

ဗီယက်နမ်၏ ငွေကြေးဖောင်းပွမှုသည် ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိမည်ဟု ထပ်လောင်းပြောကြားသည်။

**ခြောက်ရာခိုင်နှုန်းတိုးလာမည်**

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ခြောက်ရာခိုင်နှုန်းအထိ တိုးလာမည်ဟုလည်း ခန့်မှန်းထားသည်။

ဗီယက်နမ်အစိုးရသည် ကျဆင်းနေသည့် စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းလျှော့ချခြင်း၊ အခွန်ပေးဆောင်မှု ရွှေ့ဆိုင်းခြင်းနှင့် ချေးငွေများ ပြန်လည်ပေးအပ်ခြင်းတို့ဖြင့် ကျဆင်းနေသော စီးပွားရေးလုပ်ငန်းများကို သက်သာရာရစေရန် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ကိရိယာများကို အသုံးပြုကာ အမျိုးမျိုးသော အစီအမံများကို လုပ်ဆောင်ခဲ့ကြောင်း ၎င်းရုံးမှ စီးပွားရေးပညာရှင် ဟိုအီခွာက ပြောသည်။

ဝယ်လိုအားတက်လာသည့်အချိန်တွင် စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



## ဟားမားစ်စစ်သွေးကြွအဖွဲ့နှင့် အစ္စရေးစစ်တပ်တို့အကြား တိုက်ခိုက်မှုများဖြစ်ပွား၊ ၁၁၀၀ ကျော် သေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၉**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့်ပါလက်စတိုင်း ဟားမားစ်စစ်သွေးကြွအဖွဲ့တို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ၁၁၀၀ ကျော် သေဆုံးကြောင်း သိရသည်။

**ထိန်းချုပ်ထား**

ဟားမားစ်စစ်သွေးကြွအဖွဲ့သည် ဂါဇာကမ်းမြောင်ကို လက်ရှိအချိန်တွင် ထိန်းချုပ်ထားသည်။ နိုင်ငံတောင်ပိုင်းမြို့များနှင့် အခြားဒေသများတွင် ဟားမားစ်စစ်သွေးကြွများနှင့် တိုက်ပွဲများ ဖြစ်ပွားနေကြောင်း အစ္စရေးစစ်တပ်က ပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်စစ်သွေးကြွများ၏ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ထပ်လောင်းပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ တာဝန်ရှိသူများက အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၁၃ ဦး သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

ဟားမားစ်စစ်သွေးကြွများသည် အစ္စရေးစစ်သားများနှင့် အရပ်သားအများအပြားကို ဓားစာခံအဖြစ် ဖမ်းထားသည်ဟုလည်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးသို့ပန်း ၁၀၀ ကျော်ကို ထိန်းသိမ်းထားကြောင်း ဟားမားစ်အဖွဲ့က မှတ်ချက်ပြုပြောကြားသည်။

ဂါဇာအခြေစိုက်ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက သေဆုံးမှုတွင် ကလေးငယ်များနှင့် အမျိုးသမီးများပါဝင်ခဲ့ပြီး ဒဏ်ရာရသူအချို့မှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေကြောင်း ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်က တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၄ ဒသမ ၉၀၈တန်၊ အခြားသစ် သုည ဒသမ ၆၂၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၅၂၅၇၂၂ ကျပ်)နှင့် အောက်တိုဘာ ၈ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ ကျွန်းသစ် ၇ ဒသမ ၆၈၂ တန်နှင့် အခြားသစ် ၁ ဒသမ ၀၆၈ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၈၅၆၂၇၄ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် ပုဏ္ဏားစု (၈)လမ်း၌ လိုင်စင်မဲ့ Mazda Bongo ယာဉ်တစ်စီးနှင့် Nissan Vanette ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၃၈၁၉၉၆ ကျပ်ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၈ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေးမြို့ ၆၇ လမ်း၊ ၁၄၅ လမ်း နှင့် ၁၄၆ လမ်းကြားရှိ ရန်လင်းအောင်ကားဂိတ်၊ ဂိုဒေါင်နှင့် ကားဂိတ်၌ ရပ်တန့်ထားသည့် ယာဉ်နှစ်စီးအား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Justus Beer ဘူး ၃၁၂၀၀၊ Esse ဆေးလိပ် ဘူး ၁၆၀၀၀၊ ဆေးမွှေး(Shikhar) ၁၇၆၀ ကီလိုဂရမ်၊ High Commissioner ဝီစကီ ပုလင်း ၉၆၀၊ Neem Coated MUKTA UREA 46% Nitrogen ၂၇၀၀၀ ကီလိုဂရမ်၊ Maximus Beer ဘူး ၉၆၀၀၊ Justus Beer ဘူး ၁၉၂၀၀၊ Benson ဆေးလိပ်ဘူး ၂၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Nissan Diesel Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Htila Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၈၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ အောက်တိုဘာ ၈ ရက်က ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်သုံးစီး၊ Toyota Crown ယာဉ်တစ်စီးနှင့် MG-5 ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေ ၈၈၉၆၈၁၉၉၆ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **" အမှားကို အမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့် မီဒီညာ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၁ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲ ဇာတ်လမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## သဃ်န်းကျွန်းနှင့် လှိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက်တွင် ဇော်အေးနောင်(ခ) နောင်နောင် မောင်းနှင်ပြီး မောင်ဦးမျိုးမင်း(ခ) မျိုးမင်းဇော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ည ၇ နာရီခွဲတွင် ၎င်းတို့နေထိုင်သည့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် မီးဒုံး(၁) လမ်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကိုလည်းကောင်း။



မောင်ဦးမျိုးမင်း(ခ)မျိုးမင်းဇော်နှင့် ဇော်အေးနောင်(ခ) နောင်နောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် Express ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ စိုင်းစွမ်မိန်း မောင်းနှင်ပြီး စိုင်းရွှေခမ်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁၀-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ အဋ္ဌနာဋိယသုတ်တို့ရွတ်ဆိုပါတရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'ကရင်တိုင်းရင်းသားတို့၏ရိုးရာလက်မှုအနုပညာ'
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ စွန့်ဦးတီထွင်မှုမှသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဆီ
- ၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'မွေ့ခံထိုက်စေ'
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝတစ်ခုရဲ့ကံကြမ္မာ'** (အပိုင်း-၁၀)
- ၁၄:၃၀ မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း'** (အပိုင်း-၃၅)
- ၁၅:၃၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၆:၃၅ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ 'မဟာဂီတ' အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်
- ၁၇:၁၅ 'ရန်ကုန်တက္ကသိုလ်များ လေ့လော်အသင်းရာပြည့်အကြို ဆွေးနွေးပွဲ'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝတစ်ခုရဲ့ကံကြမ္မာ'** (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၃၁)

**mitv**

- 07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:11 Myanmar Handicrafts
- 07:44 Betel Nut Farmer
- 08:01 News
- 08:27 Great Shwedagon - The Architectural Heritage
- 08:53 Myanmar Traditional Snacks: Myanmar Doughnut
- 09:01 Myanmar Cultural Identities (Hintha or Hamsa)
- 09:26 Listening Pleasure, Instrumental Music (Xylophone) Xylophone Solo Show
- 09:36 A Glimpse of Taungoo & its Delicacies
- 09:50 Traveling in Kayah State
- 10:01 News
- 10:27 The Art of Making Paper Toys

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
မွန်တို့အလှမွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
အာလူးဟင်းချက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ

**ပကေါကရင် (၁၈:၀၀ မှ ၁၉:၀၀)**
လယ်ဝါးလိုတောင်ပေါ်ရိုးရာတီးဝိုင်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
နှစ်သစ်ဦးရဲ့ကောက်သစ်ထမင်းဝိုင်း

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
သစ်သီးအခေါ်အဝေါ်များ(အပိုင်း-၂)

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ရှိကျေးရွာက ထင်ကျန်ထူးခြားခြေရာများ(အသစ်)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-53)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငွေငှငွေးချယ်မှု'**
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၆)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၃၀ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အရေးပါလှသည့်မိန်းမလှကျွန်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ကိုးရောင်ခြယ်အနမ်း(ဇာတ်လမ်း)
- ၁၉:၃၀ Starting a $188K/year Pig Farm Business (from Scratch)
- ၂၂:၀၀ ဝိုရင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
- ၂၃:၃၀ Modern Agriculture Machines Harvesting Tons of Fennel,Red Cabbage, Green Onion, Broccoli...

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ဘောလုံးအခြေခံအားကစားနည်းစနစ်များ
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ ရွှေခေတ်ရောက်ခဲ့သည့်ပြေးခုန်ပစ်အားကစား

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်နှင့် မုံရွာမြို့နယ်တို့ရှိ တပ်နယ်ခန်းမများ၌ အသီးသီးပြုလုပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်နှင့် မုံရွာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးတို့သည် ၎င်းတို့နှင့်အတူ ပါလာသည့် AK- 47 မောင်းပြန်သေနတ် နှစ်လက်ကို အပ်နှံကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး AK- 47 မောင်းပြန်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၃၄၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ အသီးသီးလွှဲပြောင်းပေးအပ်ကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Maythu Mtkz” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မေသူကျော်ဇောအား ည ၁၀ နာရီ မိနစ် ၅၀ တွင် တောင်ဥက္ကလာပမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၅၀ | ၂၁၆၅ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၅ | ၂၃၃၅ | ၂၉၅၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၀ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၅၅ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၃၀၅၀ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၇၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၇၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၄ | ၁၉၈၆ |
| 95 Ron | ၂၀၁၀ | ၂၀၈၄ |
| HSD (500 ppm) | ၂၁၉၉ | ၂၂၇၃ |
| HSD (50 ppm) | ၂၂၃၈ | ၂၃၁၂ |
| HSD (10 ppm) | ၂၂၃၈ | ၂၃၁၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၇၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာသီသီထွန်း၊ ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီနေ့ပို့ချချက်ဟာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ သင်ရိုးသစ်အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် အင်္ဂလိပ်စာမေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်းဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 သင်ရိုးသစ်ပြဋ္ဌာန်းစာအုပ်မှာ Unit (၁၂) ခု ပါရှိပြီး Unit (၃) ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာတစ်ပုဒ်စီ ပါဝင်တယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဖြေဆိုရမယ့် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာ ဖြစ်တယ်။ အဲဒီမေးခွန်းတွေရဲ့ အများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးမှာဖြစ်တယ်။

**မေးခွန်းနံပါတ် ၁** ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့ စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားမှာဖြစ်ပါတယ်။

ဥပမာ –

Students are e .............. about their field trip to Mount Popa as they have never been there. လို့ ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ excited ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခု မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံး ထဲကနေပြီး အဲဒီဝါကျအတွက် မှန်တဲ့ စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

Mission ……..! We have done what we planned to do. ဆိုတဲ့မေးခွန်းမှာ

(A) achieved (B) accomplished (C) craved လို့ပေးထားရင် အဖြေမှန်ဟာ (B) accomplished ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

There .............. much environmental deterioration if we had not used too much petrol. ဆိုတဲ့မေးခွန်းမှာ

(A) would not be (B) would not have been (C) would have been

လို့ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်ကန်တဲ့ အဖြေဟာ (B) would not have been ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါ မှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် **Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ(၁၀) ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်တယ်။

ဥပမာ –

She speaks English fluently. She is not a native speaker. (Join the sentences, using ‘as if/ as though’.)

လို့ မေးလာခဲ့ရင်

She speaks English fluently as if (as though) she were a native speaker.

လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းသင်ခန်းစာတွေ ကျေကျေညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်တယ်။

IV (A) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ ပေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း(၂)ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

Everything that books can bring

You’ll find inside those -----------.

လို့ မေးရင် walls လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV (B) ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်း စာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။

ဥပမာ –

What are the two main types of emotions?

လို့ မေးရင်

The two main types of emotions are positive and negative emotions.

လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ကဗျာမှာပါရှိတဲ့ စာကြောင်း ၂ ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ –

I took the one less traveled by,

And that has made all the difference. လို့ ကဗျာထဲက စာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာစာကြောင်း ၂ ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကို မဆို လက်ခံမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) စာတစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကိုပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာ ဖြစ်ပါတယ်။ V (A) ကတော့ **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစု တစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ “Millions of people are now inhaling polluted air, drinking impure water and consuming contaminated foods.” လို့ပေးထားပြီး “Contaminated foods are being ---------- by millions of people.” လို့ မေးလာရင် ပေးထားတဲ့ active verb ‘consuming’ ကို ပြန်ကူးရေးလို့ မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ active sentence ဖြစ်နေပြီး မေးထားတဲ့ ဝါကျဟာ passive sentence ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ‘consumed’ ဆိုတဲ့ past participle နဲ့ရေးရမှာ ဖြစ်ပါတယ်။

V (B) ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာ အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့် ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact)ရော၊ သဒ္ဒါ(grammar)ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ “Pollution is directly linked to the greenhouse effect, which is actually responsible for life on Earth.” လို့ပေးထားပြီး “What is directly linked to the greenhouse effect?” လို့ မေးထားတဲ့အခါ အဖြေက “Pollution is directly linked to the greenhouse effect.”လို့ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

နောက်**မေးခွန်း နံပါတ် ၆** ကတော့ ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း ၁၀ ခုကို ဖြေဆိုပေးရမှာဖြစ်တယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေ ပါဝင်တဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသားအများစု ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။ ဒီမေးခွန်းမှာလည်း စာပိုဒ်ပါ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

VI (A) ကတော့ **Find the bold–faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံး ပါမှာဖြစ်တယ်။ အဲဒီစကားလုံးလေးတွေနဲ့ တွဲဖို့ အဓိပ္ပာယ်တူစကားလုံးငါးလုံး ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– a breakfast food made from grain လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းရဲ့အဖြေမှန် cereal ကို ရေးပေးရမှာ ဖြစ်ပါတယ်။

VI (B) ကတော့ **Answer the following questions. Give complete answers.** ပဲ ဖြစ်ပါတယ်။ မေးခွန်းရဲ့ သက်ဆိုင်တဲ့အချက် မေးထားတဲ့ အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။

ဥပမာ– What is the main idea of the passage? လို့ မေးခဲ့လျှင် The main idea of the passage is the importance of eating breakfast. / why we should eat breakfast/ suggestion on eating breakfast. လို့ ဖြေပေးရမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းရှိတဲ့ စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့မေးခွန်းမျိုး ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၇** ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 တွေမှာပါတဲ့ Listening အပိုင်းတွေကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (A) ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expressions ခြောက်ခုထဲမှ ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။

ဥပမာ– Yoon Yati: Hi, Sandy. ___________?

Sandy: Hi, I’m going to the library.

လို့ ပေးထားလျှင် အဖြေဟာ Where are you going လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

VII (B) ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ သို့ »»**

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

## လှည်းကူးမြို့နယ်



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာ ကော်မတီနှင့် အခြေခံပညာ အထက်တန်းကျောင်း(လှည်းကူး)တို့ ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းညွန့်က လူငယ်နှင့်စာဖတ်ခြင်း၊ စာရေးဆရာ ဦးရန်နိုင်ဦး (ခ) ချစ်သဲဖြူ (ကော့ကရိတ်)က လူငယ်နှင့် ကိုယ်ကျင့်တရားစသည့်ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောကြသည်။

ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့က ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ ယနေ့လူငယ် နောင်ဝယ်လူကြီး၊ ပညာရဲရင့်ပွဲလယ်တင့်၊ မူးယစ်ရန်စွယ် တို့ကာကွယ်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်စို့၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့၊ ချစ်မြတ်နိုးစရာ မြန်မာ့အနုပညာ ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘေဘီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်များ ပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဓနိကုန်းမြို့နယ်

ပဲခူးတိုင်းဒေသကြီး ဓနိကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလ အစရှိသည့် ဗလငါးတန်အပါအဝင် အထွေထွေ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက် မြင့်မားစေရန်နှင့် လူအများရှေ့၌ ပြောဆိုဆွေးနွေးတတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ဓနိကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အထက(မြို့မ)၌ ကျင်းပသည်။



ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်းများ ကျင်းပခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ လူငယ်စကားဝိုင်းဆွေးနွေးပွဲ၌ GRADE-10 မှ မောင်ဆက်ကောင်းစံက "လူငယ်နှင့်စာပေ"၊ မောင်ပြည့်ဖြိုးကျော်က "လူငယ်နှင့် ယဉ်ကျေးမှု"၊ မထက်ရည်မွန်က " လူငယ်နှင့်နည်းပညာ"၊ မမြတ်သက်ဆုက "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူနှင့် ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီ က ကျိုက်ထိုမြို့ ဖက္ကာလိပ်ကျေးရွာရှိ အမက (ဖက္ကာလိပ်)၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကြည်မင်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့နယ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း(သိန်းဖျံ)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ရဲထွေးက စာအုပ်စာပေများကို လေ့လာဖတ်ရှုရန်လိုအပ်ကြောင်း၊ စာအုပ်စာစောင်များဖတ်မှ အသိပညာဗဟုသုတ တိုးပွားမည်ဖြစ်ကြောင်း၊ စာအုပ်စာပေများမှ ရရှိလာသည့် အသိပညာဗဟုသုတများကြောင့် မိမိဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

»» စာမျက်နှာ ၁၆ မှ

**မေးခွန်းနံပါတ် ၈** ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့မေးခွန်း နှစ်ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသား ဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေ ကတော့ ပေးထားတဲ့ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ(Addresser) နဲ့ စာလက်ခံရရှိမယ့်သူ(Addressee)တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့ လိပ်စာကိုသာ ရေးရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are **Khin Khin.** You live at **No. 5, Bogyoke Road, Pyay.** Write a letter to your friend, **Maung Maung,** who lives in Magway, telling him about the importance of learning a foreign language and encouraging him to improve his language skills.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Khin Khin ဖြစ်ပြီး addressee က Maung Maung ဖြစ်ပါတယ်။ အကြောင်းအရာနှစ်ချက်ပါပါတယ်။ ပထမအချက်က the importance of learning a foreign language အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနဲ့ encouraging him to improve his language skills လို့မေးထားတဲ့အတွက် ဘာကြောင့် အဲဒီလိုလုပ်သင့်တယ်ဆိုတာ ကျိုးကြောင်းဆီလျော်အောင်ရှင်းပြပြီး language course တွေ တက်သင့်တဲ့အကြောင်းကို တိုက်တွန်းရေးသားရမှာ ဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ချရေးထားမယ်ဆိုရင် အမှတ်ရနိုင်မှာမဟုတ်ဘူးဆိုတာကို သတိထားရမယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် သုံးခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကို ရွေးပြီးရေးရမှာ ဖြစ်ပါတယ်။

ဥပမာ –

Importance of having a good relationship with friends ဆိုတဲ့ opinion essay မှာ သူငယ်ချင်းတွေနဲ့ အဆင်ပြေပြေပေါင်းသင်းဆက်ဆံရေးဟာ ဘယ်လိုအရေးကြီးတယ်ဆိုတဲ့အကြောင်းကို ခိုင်လုံတဲ့ အကြောင်းပြချက်တွေပေးပြီး သေသေချာချာရှင်းပြရပါမယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

Content and Relevancy (ရေးသားရမည့် အကြောင်းအရာနှင့် အချက်အလက် ဆီလျော်မှုရှိခြင်း) – မိမိရေးရမယ့် အကြောင်းအရာနဲ့ ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမယ့် အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

Organization and Presentation (ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်း) – အကြောင်းအရာ အချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။

Language(စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်း) – စကားလုံးများကိုသုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့အရေးအသားဖြစ်စေဖို့သတိပြုရမှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေ ကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့် အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာသိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုအပ်ပါတယ်။ ပေးစာနဲ့စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

# ကုန်သွယ်မှုအခြေအနေ

## မြဝတီကုန်သွယ်ရေးဇုန်

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ချုပ်ပြီးအထည် ၁၃၉၇၇၆ ထည် ၄၁ ဒသမ ၄၁၂ တန်၊ ကြက်သွန်နီ တစ်တန်လျှင် ၆၉၉ ဒသမ ၁၈၇ ဒေါ်လာ၊ ကော်ဖီစေ့တစ်တန်လျှင် ဒေါ်လာ ၄၂၅၀ ဖြင့် ၇၂ တန်၊ ကွမ်းသီးတစ်တန်လျှင် ၁၅၁၇ ဒသမ ၀၅၄ ဒေါ်လာဖြင့် ၁၉၁ ဒသမ ၁၆၀ တန်၊ ငရုတ်သီး (စိမ်း)(အစို)တစ်တန်လျှင် ဒေါ်လာ ၄၃၆ ဒသမ ၀၅၀ ဖြင့် ၆၁၆ ဒသမ ၉၀၂ တန်၊ ဂေါ်ဖီထုပ်တစ်တန်လျှင် ၂၀၂ ဒသမ ၀၅၇ ဒေါ်လာဖြင့် တန် ၈၂၆ ဒသမ ၅၀၀၊ မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၁၁၈၇ ဒသမ ၅၀၀ ဖြင့် ၁၂၈ တန်၊ သတ္တုနှင့်သတ္တုရိုင်းများ တစ်တန်လျှင် ဒေါ်လာ ၁၃၇၀ ဖြင့် တန် ၁၀၀ နှင့် ငါးမျိုးစုံ တစ်တန်လျှင် ၁၄၇၅ ဒသမ ၆၂၆ ဒေါ်လာဖြင့် ၁၈ ဒသမ ၉၇၅ တန်တို့ ဖြစ်သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်း စစ်ဆေးမှုများတွင် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ၂ ဒသမ ၈၇၃ ဒေါ်လာသန်း၊ အခြားစက်ကိရိယာများ ၁ ဒသမ ၁၀၇ ဒေါ်လာသန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ သုည ဒသမ ၈၆၇ ဒေါ်လာသန်း၊ ချည်ထည်များ သုည ဒသမ ၇၆၂ ဒေါ်လာသန်း၊ တွင်းထွက်(သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများ သုည ဒသမ ၇၀၀ ဒေါ်လာသန်း၊ ဆပ်ပြာ သုည ဒသမ ၆၉၇ ဒေါ်လာသန်း၊ ပုံနှိပ်စက္ကူများ သုည ဒသမ ၆၈၅ ဒေါ်လာသန်း၊ တာယာနှင့်ကျွတ်များ သုည ဒသမ ၆၈၂ ဒေါ်လာသန်း၊ စက်နှင့် စက်ပစ္စည်းများ သုည ဒသမ ၆၃၆ ဒေါ်လာသန်းနှင့် ဝိုင်ယာကြိုးများ သုည ဒသမ ၅၉၁ ဒေါ်လာသန်းတို့ ဖြစ်သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် အောက်တိုဘာ ၁ ရက်မှ ၆ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၄ ဒသမ ၈၃၇ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၁၄ ဒသမ ၈၃၄ အမေရိကန်ဒေါ်လာသန်း ဖြစ်ရာ စုစုပေါင်းကုန်သွယ်မှုပမာဏ ၁၉ ဒသမ ၆၇၀ ကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

## စစ်တွေကုန်သွယ်ရေးစခန်း

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၅၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၅၉ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၃၆ တန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၄၃ တန်၊ ငါးမြစ်ချင်း ၁-၂ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၁၁၉ ဒသမ ၀၄ တန်၊ ငါးမြစ်ချင်း ၂-၃ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် ၁၂၂ ဒသမ ၅၉၂ တန်၊ ငါးမြစ်ချင်း၃-၅ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၆၈ ဒသမ ၈၃၂ တန်၊ ငါးသိုင်းခေါင်းပွ ၅-၈ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၆၀ နှုန်းဖြင့် ၁၂ ဒသမ ၆၂၄ တန်နှင့် ငါးသိုင်းခေါင်းပွ (၈ ကီလိုအထက်) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ နှုန်းဖြင့် ၇ ဒသမ ၃၉၂ တန်တို့ကို တင်ပို့နိုင်ခဲ့သည်။

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၈ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၁၆၆ တန်၊ ဆန်ကွဲ ၆၈ တန်၊ ပြောင်း တန် ၁၅၀၊ ရော်ဘာ ၁၆၃ တန်နှင့် ဆီးစေ့လောင်စာတောင့် ၂၄ ဒသမ ၆၀ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန် တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ်တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်း တစ်တန်လျှင် ဒေါ်လာ ၆၆၀ ဒသမ ၀၀၊ မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် ရော်ဘာတစ်တန်လျှင် ဒေါ်လာ ၁၃၀၀ ဖြစ်သည်။

ယခုအပတ်အတွင်း ဆေးဝါးပစ္စည်း အခု ၁၇၇၇၈၀၊ တာယာ ၂၁ ခု၊ ပိတ်လိပ် ၅၆ ဒသမ ၆၀ တန်၊ ထွန်စက်နှစ်စီး၊ ပီနံအိတ် ၂၇ ဒသမ ၁၀ တန်၊ ချည် ၁၄ ဒသမ ၁၀ တန်နှင့် ကုန်စုံ ၁၉ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် နှစ်ဘီးထွန်စက်တစ်စီးလျှင် ဒေါ်လာ ၆၀၀၊ စက္ကူလိပ်တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ်တစ်တန်လျှင် ဒေါ်လာ ၈၀၀၊ ပိတ်လိပ် တစ်တန်လျှင် ဒေါ်လာ ၅၇၀၊ ချည်ခင်တစ်တန်လျှင် ၆၆၇ ဒေါ်လာဖြစ်ကြောင်း သိရသည်။



## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်း တည်ငြိမ်လျက်ရှိ

မုံရွာ အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် စက်တင်ဘာလတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၂၀၀၀ ဈေးနှုန်းရရှိပြီး အောက်တိုဘာလ (ပထမပတ်) တွင် အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၂၂၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ မိုးရာသီတွင် အထွက်နှုန်းများပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများပြားကာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

### ၉-၁၀-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၈၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၄၅၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၇၅၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၀၀ | | ၁၆၀၀၀ | ၄၇၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၉၈၀၀ | ၉၅၀၀ | ၅၈၀၀ | ၉၀၀၀ | ၈၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၁၆၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၅၀၀၀ | ၄၈၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၃၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၇၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၁၅၀၀၀ | ၄၉၅၀ | ၁၆၀၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၉၂၀၀ | ၆၂၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | | ၁၃၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၄၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၀၀ | ၆၇၀၀ | ၆၇၀၀ | ၃၅၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၉၈၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၀၀၀ | ၄၇၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၁၅၀၀၀ | ၄၇၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၈၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

(၁) ညှော်မထဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ နေပြည်တော်တွင် ၁၀၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် နေပြည်တော်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ၅၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ် ၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ကလေးတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မန္တလေးတွင် ၅၀ကျပ်၊ မကွေးတွင် ၂၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်၊ မြိတ်နှင့် မကွေးတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ပုသိမ်တွင် ၂၀၀ကျပ်၊ မုံရွာတွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မုံရွာတွင် ၁၅၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ မုံရွာတွင် ၅၀၀ကျပ်၊ ကလေးတွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀ကျပ်၊ မန္တလေးတွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ လှိုင်ကော်၊ ရန်ကုန်နှင့် မုံရွာတွင် ၃၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀၀ကျပ်၊ မော်လမြိုင်တွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ မုံရွာတွင် ၂၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၂၃)ဖွင့်ပွဲအခမ်းအနား တက်ရောက်



**မုံရွာ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယနေ့ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းများ တက်ရောက်နေကြသည့် လူငယ်မောင်မယ်များအနေဖြင့် လူငယ်ဘဝကတည်းက သင်ယူသင့်၊ သင်ယူထိုက်သည်များကို သင်ယူတတ်မြောက်ထားကြမှ သာလျှင် အရည်အချင်းပြည့်ဝသည့် လူငယ်များ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ အရည်အချင်းရှိသည့် လူငယ်များဖြစ်လာမှသာလျှင် မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ မိမိတိုင်းပြည်၊ မိမိနိုင်ငံ၏ အကျိုးအတွက် သယ်ပိုးထမ်းရွက်နိုင်သည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ ဒေသတွင်း လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် အထောက်အကူ ပြုစေမည့် ကွန်ပျူတာ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ သင်တန်း နည်းပြများက အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးကြရန်နှင့် သင်တန်းသား သင်တန်းသူများကလည်း ကြိုးစားသင်ယူကာ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံ သင်တန်းသား သင်တန်းသူများ အတွက် ငွေကျပ် ၉၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အတွေ့အကြုံများမျှဝေဖလှယ်ခြင်းနှင့် စဉ်ဆက်မပြတ်လေ့လာခြင်းအလေ့အထများ ထွန်းကားစေရန် ပြည်တွင်း ပြည်ပ ဆွေးနွေးပွဲနှင့် သင်တန်းအတွေ့အကြုံရှင်းလင်းခြင်း အခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံ့ဝန်ထမ်းများ အကြား အတွေ့အကြုံများ မျှဝေဖလှယ်ခြင်းနှင့် စဉ်ဆက်မပြတ်လေ့လာခြင်း အလေ့အထများ ထွန်းကားစေခြင်းဖြင့် ဝန်ထမ်းတိုင်း စွမ်းဆောင်ရည် ပိုမိုမြင့်မားတိုးတက်လာစေရန် ပြည်တွင်း ပြည်ပ ဆွေးနွေးပွဲ၊ သင်တန်းအတွေ့အကြုံ ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲနှင့် သင်တန်းတက်ရောက်ခဲ့သူများက ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်(CLMV) နိုင်ငံများရှိ ရေအသုံးပြုသူ အုပ်စုများအကြား စိုက်ပျိုးထုတ်လုပ်ရာတွင် သွင်းရေစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေမည့် အကောင်းဆုံး အလေ့အကျင့်များ ဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ရေစီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက်ဆိုင်ရာ သုတေသန ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲ အတွေ့အကြုံများကိုလည်းကောင်း၊ ဂျပန်နိုင်ငံ University of Tsukuba တွင် စိုက်ပျိုးရေး ဇီဝအရင်းအမြစ် သိပ္ပံနှင့်နည်းပညာ ဘာသာရပ်ဆိုင်ရာ မဟာသိပ္ပံဘွဲ့ သင်တန်းအတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းပြောကြားရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

CLMV အလုပ်ရုံဆွေးနွေးပွဲတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်(CLMV) နိုင်ငံများနှင့် ကျန်ရှိသည့် ASEAN ခြောက်နိုင်ငံတို့အကြား အတွေ့အကြုံများ မျှဝေခြင်းအတွက် လမ်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရေးနှင့် အကောင်းဆုံး အလေ့အကျင့်များ ဖြန့်ဝေရေးဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အလားတူ ရေစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက်ဆိုင်ရာ သုတေသန ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲတွင် မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း စဉ်ဆက်မပြတ် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံဒေသရှိ မဲခေါင်နိုင်ငံများမှ အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းများအကြား ချိတ်ဆက်ပေါင်းစပ်မှုများ ပိုမိုအားကောင်းလာစေရေးနှင့် ပိုမိုထိရောက်စေမည့် ရေစီမံခန့်ခွဲမှုစနစ်များ ပေါ်ပေါက်လာစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ ချမှတ်ရမည့် မူဝါဒများ ချမှတ်နိုင်ရန် ပူးပေါင်းအကြံပြုနိုင်စေရေး ဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် တက်ရောက်နေသော ကျောင်းသားများ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ် ဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၃ ခုနှစ် ပညာသင်နှစ် တက်ရောက်ပညာသင်ကြားနေသော ဘာသာရပ်ဆိုင်ရာ ကျောင်းသားများသည် အောက်တိုဘာ ၄ ရက်မှ ၉ ရက်အထိ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ချင်းတွင်း)ဖြင့် ရန်ကုန်-ကိုကိုးကျွန်း-ဟိုင်းကြီးကျွန်း-ရန်ကုန် ပင်လယ်ပြင် လက်တွေ့ခရီးစဉ် (Sea Training) သွားရောက် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် သီလဝါဆိပ်ကမ်း(Myanmar International Terminals Thilawa တံတားအနီး)မှ ထွက်ခွာခဲ့ရာ အောက်တိုဘာ ၅ ရက် ညနေပိုင်းတွင် ကိုကိုးကျွန်းသို့ ရောက်ရှိ ညအိပ်ရပ်နားခဲ့ပြီး အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်မှ ကြီးကြပ်သူများနှင့် ကျောင်းသားများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၃)စစ်ဗျူဟာမှူး၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး၊ အမှတ်(၂၈) ရေတပ်အခြေစိုက်စခန်းမှူး၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများက ကြိုဆို၍ မြို့တော်ခန်းမ၌ ကိုကိုးကျွန်းနှင့် ပတ်သက်သည့် အကြောင်းအရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားများသည် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြပြီး အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းသို့ ရောက်ရှိရာ ပမ္မဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ ဌာနချုပ်မှူးက ကျောင်းသားများအား ဟိုင်းကြီးကျွန်းနှင့် ပတ်သက်သည့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကြီးကြပ်သူနှင့် ကျောင်းသားများသည် မော်တင်စွန်းဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ညနေပိုင်းတွင် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်မှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများသည် စစ်ရေယာဉ်(ချင်းတွင်း)ပေါ်တွင် Life Boat, Anchor များနှင့်သက်ဆိုင်သော လေ့လာမှုများ၊ အင်ဂျင်ပိုင်းဆိုင်ရာ လေ့လာသင်ကြားမှုများ ဆောင်ရွက်ပြီး အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းတွင် သီလဝါဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ရေကြောင်းသိပ္ပံ အထူးပြုဘာသာရပ်(Nautical Science)မှ ဒုတိယနှစ် ကျောင်းသား ၄၉ ဦး၊ တတိယနှစ် ကျောင်းသား ၅၈ ဦး၊ ရေကြောင်းအင်ဂျင်နီယာ အထူးပြုဘာသာရပ် (Marine Engineering)မှ ဒုတိယနှစ် ကျောင်းသား ၄၄ ဦး၊ တတိယနှစ် ကျောင်းသား ၂၀၊ ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်အင်ဂျင်နီယာ အထူးပြုဘာသာရပ် (MESE)မှ ဒုတိယနှစ် ကျောင်းသား သုံးဦး၊ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာဘာသာရပ်(Naval Architecture)မှ တတိယနှစ် ကျောင်းသား တစ်ဦး၊ စတုတ္ထနှစ် ကျောင်းသား တစ်ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာ ပညာဘာသာရပ် (Marine Mechanical)မှ တတိယနှစ် ကျောင်းသား ရှစ်ဦး၊ စတုတ္ထနှစ် ကျောင်းသား နှစ်ဦး စုစုပေါင်း ကျောင်းသား ၂၁၃ ဦးနှင့် ကြီးကြပ်သူ ရှစ်ဦး လိုက်ပါဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများအနေဖြင့် ပင်လယ်ပြင်လက်တွေ့ခရီးစဉ်(Sea Training)တွင် Daily Routine Work၊ Seamanship၊ Coastal Navigation၊ Cargo Work၊ ပင်မအင်ဂျင်များ၊ မီးစက်များ၊ ပန့်/မော်တာများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်မောင်းနှင် လေ့ကျင့်သင်ကြားနိုင်ခဲ့ခြင်းကြောင့် ရေကြောင်းပညာရပ်များကို စာတွေ့ရော လက်တွေ့ပါ ပိုမိုနားလည်သဘောပေါက်စေသည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် - တပ်ကုန်းနှင့် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် နည်းပညာတက္ကသိုလ်များမှ လေ့လာရေးအဖွဲ့များ လာရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် အောက်တိုဘာ ၉**

မန္တလေးနှင့် ရမည်းသင်းနည်းပညာတက္ကသိုလ်တို့မှ ကြီးကြပ်သူ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၁၈ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက နှုတ်ခွန်းဆက်စကား ပြောကြားပြီး NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် MRTV မှ ဝန်ထမ်းများ ပါဝင်ဖျော်ဖြေတင်ဆက်မည့် "ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" တေးသီချင်းဖြင့် လေ့ကျင့်နေမှုကိုပြသရာ နည်းပညာတက္ကသိုလ်များမှ ကြီးကြပ်သူ ဆရာဆရာမများက ကြည့်ရှုအားပေးပြီး အကအဖွဲ့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရာ၌ အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ ကျောင်းသား ကျောင်းသူများ၏ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများကို စိစစ်၍ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများသည် ရေဒီယိုအသံသွင်းခန်းများ၊ ရေဒီယို Master Control Room များ၊ TV Transmitter၊ 9- Meter Earth Station တို့မှ စက်မှုပိုင်းဆိုင်ရာများ၊ ရုပ်သံထုတ်လွှင့်ပုံများ၊ ဂြိုဟ်တုမှဖမ်းယူ၍ ပြန်လည်ထုတ်လွှင့်ပေးမှုများကို အထူးစိတ်ဝင်စားမှုရှိကြောင်း တွေ့ရသည်။

ထို့အတူ ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်း ယနေ့နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၁ ဦးတို့ လာရောက်ပြီး News Studio တွင် National News ရိုက်ကူးနေမှု၊ Studio – 1 တွင် Myanmar International Television Channel (MI) မှ သီတင်းကျွတ် အစီအစဉ်ရိုက်ကူးနေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ရန်ကုန်နည်းပညာတက္ကသိုလ်မှ အီလက်ထရောနစ်နှင့် အဝေးဆက်သွယ်ရေး အင်ဂျင်နီယာ ဘာသာရပ်အထူးပြု ကျောင်းသား ကျောင်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) တွင် Studio Production၊ Media NetWork၊ Radio Station၊ DSNG & Outdoor Broadcasting၊ Power & Aircon၊ 9– Meter Earth station၊ Transmitter (မီတာ ၂၀၀)လုပ်ငန်းများ ဆောင်ရွက်မှုကို အောက်တိုဘာ ၉ ရက်မှစတင်၍ အောက်တိုဘာ ၁၃ ရက်အထိ ကွင်းဆင်းလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ကလေးမြို့၌ ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ကလေး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့်ကွန်ပျူတာအခြေခံသင်တန်း(၂/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၀ ဦးအား အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက ( ခွဲ) မရွေး Grade 12တွင် ပညာသင်ကြားနေသော အဖ ဦးမြင့်မောင် [၉/သစန(နိုင်)၀၄၄၁၂၄]၏ သမီး မစိုးစိုးကြည်၏ အမည်မှန်မှာ မစိုးမိုးကြည် ဖြစ်ကြောင်း။

ဦးမြင့်မောင်
[၉/သစန(နိုင်)၀၄၄၁၂၄]

## ဖခင်အမည်မှန်

သာစည်မြို့၊ အထက ၂ Grade 12 တွင် ပညာသင်ကြားနေသော မယွန်းကြာဖြူ၏ ဖခင်အမည်မှန်မှာ ဦးမြို့ဦး [၉/သစန(နိုင်)၁၀၉၂၉၁] ဖြစ်ကြောင်း။

ဦးမြို့ဦး
[၉/သစန(နိုင်)၁၀၉၂၉၁]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ သခင်ခင်ဇော်(၄)လမ်း၊ အမှတ်(၈၃၀)၊ မြေအကျယ်ပေ(အလျား၄၀ပေxအနံ၆၀ပေ) (ပါမစ်မူရင်း)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင်ဒေါ်ခင်ငွေ(ISN-၁၀၀၇၂၄)အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ဖြူဖြူသစ်[၁၂/လမန(နိုင်)၀၆၆၉၃၀]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးခိုင်မင်းထွန်း[၈/ခမန(နိုင်)၁၁၃၄၀၅]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၉၂၇/ခ) မြေအကျယ်ပေ(အလျားပေ၂၀xအနံပေ၆၀) (ပါမစ်မိတ္တူ)ကိုမြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးထွန်းမောင်(AC–၀၃၈၇၄၆)အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသာ ဒေါ်ဝါဝါလွင်[၁၂/ဥကတ(နိုင်)၁၄၈၃၇၉]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုဝင်း[၁၄/ကကတ(နိုင်)၁၃၅၇၆၉]မှ အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က/ဂ) ရပ်ကွက်၊ (၁၆၂)လမ်း၊ အမှတ်–၂၃ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ Sky View Condo ၁၀ လွှာ၊ Unit(A) အခန်းအမှတ်– ၁၀၀၁၊ အမှတ်(၂၈)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်မြင့်[၁၂/ဒဂန(နိုင်)၀၂၆၂၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က/ဂ) ရပ်ကွက်၊ (၁၆၂)လမ်း၊ အမှတ်– ၂၃ ရှိ မြေနှင့်အိမ်အပါဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ Sky View Condo ၁၀လွှာ၊ Unit(A) အခန်းအမှတ်– ၁၀၀၁၊ အမှတ်(၂၈)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးအောင်မြင့် [၁၂/ဒဂန(နိုင်)၀၂၆၂၄၈]နှင့် ဇနီးဖြစ်သူ ဒေါ်သီတာဝင်း [၁၂/မဂတ(နိုင်)၀၀၉၀၄၅]တို့က တရားဝင်ပိုင်ဆိုင်ထားသူများ ဖြစ်ကြပါသည်။

သို့ပါ၍ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဦးအောင်မြင့် [၁၂/ဒဂန(နိုင်) ၀၂၆၂၄၈]၏ သိရှိသဘောတူညီမှုမရှိဘဲ အဆိုပါ မြေအိမ်၊ ကွန်ဒိုတိုက်ခန်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည့်ပြုလုပ်ဆောင်ရွက်ခြင်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြုလုပ်ရန်နှင့် အဆိုပါ မြေအိမ်၊ ကွန်ဒိုတိုက်ခန်းများကို မည်သူမဆို ကျူးကျော်ဝင်ရောက်ခြင်း၊ ပိုင်ဆိုင်မှုကို ထိပါးနှောင့်ယှက်ခြင်းစသဖြင့် တစ်စုံတစ်ရာ ပြုလုပ်လာခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးယုယုသွယ်** | **ဒေါ်စန်းစန်းမြင့်** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **စဉ် – ၁၃၅၇၀** | **စဉ် – ၁၃၁၀၄** |
| | **ဒေါ်ယဉ်မွန်သူ** |
| | **(အထက်တန်းရှေ့နေ)** |
| | **စဉ် – ၅၄၂၃၈** |

အမှတ်–၃၆၊ ၁၀၈လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉–၄၀၃၇၃၆၂၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊မြေကွက်အမှတ်(၂+၃/၅)၊မြေပိုင်မြေကွက်၊သုဝဏ္ဏဗိလာအိမ်ရာ၊ကြိုးစက်ရုံလမ်း(ဇေယျာသုခလမ်း)၊ P-5၊ မြေအမည်ပေါက်ဒေါ်ရင်ရွှေ၊အကျယ်အဝန်းဧရိယာ(၀. ၀၃၉)ဧကအကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်ဝယ်ယူထားသူဒေါ်နန်းရင် (၁၃/လရန(နိုင်)၀၀၂၀၅၈)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ထက်ထက်အောင် | ဒေါ်အေးသီတာ |
| LL.B | LL.B |
| အထက်တန်းရှေ့နေ(စဉ် –၅၅၃၇၆) | အထက်တန်းရှေ့နေ(စဉ် –၄၈၅၈၀) |

09408098822, 09409238877, 09765080073
အမှတ် (1/A2)၊မြသီတာအိမ်ရာ၊မြင်သာ(၁၁)လမ်း၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၃၅၀/ခ ရပ်ကွက်၊ မြေကွက်တည်နေရာ အမှတ်(၃၅၀/ခ)၊ ရာဇဓိရာဇ်လမ်း/(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ပု(CG–056630) အမည်ပေါက်နှင့် (၆၀)မြေငှားဂရန်အမည်ပေါက် ဒေါ်ပုကို တရားပြိုင်ထား၍ တရားလိုဒေါ်ခင်ဆွေဝင်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံးတရားမကြီးမှုအမှတ် (၂၃/၂၀၂၃)၏ စီရင်ချက်၊ တရားမဇာရီမှု အမှတ်(၂၈/၂၀၂၃)၏ အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]မှ ဂရန်၊ နိုင်၊ ကတ်၊ ဘီလစ်ခန့်စာ၊ တရားရုံးအထောက်အထားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၉-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၇၃၇။ | ဒေါ်သန်းသန်းဆွေ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်) အမှူးပြုသော ဗဟိုဘဏ်ဝန်ထမ်းမိသားစုများ | ၂၀၀၀၀၀၀ |
| ၆၇၃၈။ | ဦးမျိုးဆွေနှင့်ဇနီး ဒေါ်နန်းစိန်အေး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၇၃၉။ | ကိုအောင်မျိုးကျော်နှင့်ဇနီး မခိုင်ဇင်အေး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၇၄၀။ | ဒေါ်ခင်ခင်အုန်းနှင့် မပြုံးပြုံးလွင်တို့၏ မိသားစုများကောင်းမှု | ၂၀၀၀၀၀ |
| ၆၇၄၁။ | ဦးကျော်ဦးမောင်နှင့်ဇနီး ဒေါ်ကျော့ကျော့စံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၂။ | ဦးသောင်းညွန့်နှင့်ဇနီး ဒေါ်စိန်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၃။ | ဦးတင့်ဆွေနှင့်ဇနီး ဒေါ်လှလှမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၄။ | ဦးစံလှိုင်နှင့်ဇနီး ဒေါ်လှအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၅။ | ဦးညီညီဆွေနှင့်ဇနီး ဒေါ်ဥမ္မာကျော်၊ (သား) မောင်ကောင်းထက်ထွေး၊ မောင်မင်းခန့်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၆။ | ဦးတင်မောင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၇။ | ဆရာတော် ဦးစန္ဒောဘာသကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၈။ | ဒေါက်တာဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၉။ | ဒေါက်တာမောင်ကျော်နှင့်ဇနီး ဒေါ်စီစီလျာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၀။ | ကိုနေလင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၁။ | ကွယ်လွန်သူ ဖခင် ဦးသာအုံနှင့် မိခင် ဒေါ်ခင်လှတို့အား ရည်စူး၍ ဒေါ်ခင်မာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၂။ | နှစ်ဖက်သော အဘိုးအဘွားများနှင့် မိဘများအား ရည်စူး၍ ဦးလွင်ဦးနှင့်ဇနီး ဒေါ်အုန်းသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၃။ | ဦးကျော်ခိုင်စိုးနှင့်ဇနီး ဒေါ်သဲသန္တာကျော်၊ (သား) Jade မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၄။ | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်၊ (သား) မောင်ပြည့်စုံကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၅။ | U Richard Yhap နှင့်ဇနီး ဒေါ်နေခြည်ထက်ထက်ကျော်၊ (သား) Oliver၊ (သမီး) Charlie မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၆။ | ဦးကျော်မင်းထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၇။ | ဦးမြင့်မောင်နှင့်ဇနီး ဒေါ်ခင်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၈။ | ဦးနေမျိုးနှင့်ဇနီး ဒေါ်မြတ်ဆုပိုင်၊ (သမီး)မရှင်းသန့်အိ၊ (သား) မောင်ကောင်းခန့်မင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၉။ | ဦးစောအောင်၏ (မြေး) မောင်စန်းပိုင်ဦးကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၆၀။ | ဦးရဲဝင်းနှင့်ဇနီး ဒေါ်တင်တင်ဌေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၆၁။ | ကိုရွှေထွန်းနှင့်ဇနီး ဒေါ်နှင်းနုနုနွယ်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၇၆၂။ | ဦးရန်ယုံအန်းနှင့်ဇနီး ဒေါ်နန်းလွင်လွင်စိုး၊ (သမီး) မမြတ်ယွန်းနဒီမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၆၇၆၃။ | ကိုဝင်းကျော်ဦးနှင့်ဇနီး မဇင်မာထွေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၆၇၆၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုချမ်းငြိမ်းအောင်နှင့်ဇနီး မသင်းသင်းဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၅။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်လှိုင်နှင့် မိခင်ကြီး ဒေါ်ကြင်ရွှေတို့အားရည်စူး၍ (သား) ဦးအောင်မိုးလှိုင်နှင့်ဇနီး ဒေါ်မြမြစန်း၊ (သား) ဦးမင်းသူလှိုင်၊ (သမီး) ဒေါ်ဌေးဌေးလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၆။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းဘီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၇။ | မယိင်းယိင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၈။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်လှဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၉။ | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်သန်း(ငြိမ်း)၊ ဗိုလ်မှူးသူဇာမော်၊ ဗိုလ်မှူးမေခိုင်ဦးနှင့် ဗိုလ်ကြီးခင်စန္ဒာဝင်းတို့၏ကောင်းမှု | ၆၀၀၀၀ |
| ၆၇၇၀။ | ဗိုလ်မှူးချုပ်ထွန်းထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၁။ | ဦးစံရွှေမောင်နှင့်ဇနီး ဒေါ်ခင်ခင်ဌေး၊ (သား) မောင်ထွန်းရွှေကျော်၊ (သမီး) မဝင်းသန္တာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၂။ | ဖခင် ဦးချစ်အောင်နှင့် မိခင် ဒေါ်အေးငယ်တို့အား ရည်စူး၍ ဒေါ်လှမေနှင့် သား၊ သမီး၊ မြေး၊ မြစ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၃။ | ဦးပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၄။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၆။ | ဒေါက်တာဇော်မြင့်နှင့်ဇနီး ဒေါက်တာနှင်းဦးပွင့်၊ (သမီး) မမေပွင့်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၇။ | ဦးအောင်နေသွေးနှင့်ဇနီး ဒေါက်တာအေးချမ်းပွင့်၊ (သား) မောင်မြတ်သွေးခန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၈။ | ဦးလှိုင်လင်းကျော်နှင့်ဇနီး ဒေါ်နန်းချို့နွယ်ခမ်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၉။ | ဦးအေးသောင်းနှင့်ဇနီး ဒေါ်တင်တင်လှ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၇၈၀။ | ဦးဖြိုးမင်းအောင်နှင့်ဇနီး ဒေါ်ဝင့်ဝါဖြူ၊ (သား) မောင်လျှမ်းပြည့်၊ မောင်မင်းပြည့်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၈၁။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်မြမြမူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၈၂။ | ဒေါ်သိန်းတင်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၉၄)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၅၉၄)၊ ဘုမ္မာ(၁)လမ်း၊ (၈)ရပ်ကွက်၊ ဒေါ်ကြည် (AB-015106)၊ ဒေါ်အေးသိန်း (N/OKA-040565) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်ကြည်(မိခင်)သည် (၂၆-၁၀-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ ဦးသောင်းညွန့် (ဖခင်)သည် (၈-၃-၁၉၉၀) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်သင်းသင်းလှ [၁၂/ ဥကမ(နိုင်)၀၂၆၄၁၈]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ- ၁၃၉၀/၂၀၂၃/၁၅-၂-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း များ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးသိန်း[၁၂/ဥကမ(နိုင်)၀၂၃၀၂၂]နှင့်အတူ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

တရားလွှတ်တော်ရှေ့နေ ဦးဇင်လင်းအောင်မှ (၂၆-၉-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၀)တွင် "အမှတ်(၁၈၈၄)"အစား "အမှတ်(၁၆၈၄)"ဟု အမှန်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ဇလွန်မြို့နယ်၊ ကော့ကပ်၊ အ.ထ.က၊ G-2 တွင် ပညာသင်ကြားနေသော ဦးနေဇင်လတ် [၁၄/ဇလန(နိုင်)၁၄၂၄၁၃]၏သမီး မပိုပိုမောင်အား မပြည့်ဆုဖြိုး ဟုခေါ်ပါရန်။

**မပြည့်ဆုဖြိုး**

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အ.ထ.က (ခွဲ)၊ အ.လ.က(၆)၊ Grade-11 တန်းမှ မချိုဇင်ဦး၏မိခင် အမည်မှန်မှာ ဒေါ်ဆာဂိုဂျား [၁၀/မလမ(နိုင်)၃၁၇၄၄၁] ဖြစ်ပါကြောင်း။

**ဒေါ်ဆာဂိုဂျား**




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် (၈၀၆)၊ ဦးပိုင်အမှတ်(၃၆)၊ ၂၇ လမ်း၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မြင့်ဦး၏(SP ရသူ ဦးအောင်မင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၂၇၂၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မျိုးခန့်[၉/လဝန(နိုင်)၀၀၀၇၃၅]က အမှုတွဲအမှတ် ၄၇၄၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၃

| | | |
|---|---|---|
| CB Bank PCL | နှင့် | ၁။ ဦးကျော်ဇေယျ |
| (ယခင်သမဝါယမဘဏ်လီမိတက်) | | ၂။ ဒေါ်မေသူခိုင် |
| (SME Banking Department) | | (တော်ဝင်ယူရေနီယမ်စာသင်ဝိုင်း |
| (၎င်း၏ကိုယ်စား ဦးကျော်မင်းအေး၊ ဒုတိယမန်နေဂျာ) | | ကိုယ်ပိုင်အထက်တန်းကျောင်း) |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ ဆင်မင်းလမ်း၊ အမှတ်-၁၀၈(ပထမထပ်) နေ (၁)တရားပြိုင်ဦးကျော်ဇေယျ နှင့် (၂)တရားပြိုင် ဒေါ်မေသူခိုင် (ယခုနေရပ်လိပ်စာမသိသူ) တို့** သိစေရမည်။

သင်အပေါ်၌ တရားလိုက **"(၁၁-၅-၂၀၂၃) ရက်နေ့ထိ ကျသင့်သော SME CGI ဘဏ်ချေးငွေ အရင်း၊ အတိုးနှင့် နောက်ကျကြေးငွေ စုစုပေါင်း-၁၅၆၀၅၆၈၈.၃၆ (ကျပ်တစ်ရာငါးဆယ့်ခြောက်သိန်းငါးထောင်ခြောက်ရာရှစ်ဆယ့်ရှစ်ကျပ်သုံးဆယ့်ခြောက်ပြားတိတိ) ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက် (၁၃၈၅ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်) နေ့** မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် လလ-၄၅၊ ဦးပိုင်အမှတ် (၄၀)၊ လမ်း ၆၀၊ ၁၄၀ x ၁၄၁ လမ်းကြား၊ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနိုင်ဝင်း၏(SP ရသူ ဦးသိန်းမော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃၆၈/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးအိုက်မွန် [၁/လဂန(နိုင်)၀၀၃၈၀၀]က အမှုတွဲအမှတ်၄၇၅၇/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၁၀၊ ဦးပိုင်အမှတ် (၁၁)၊ ၄၉ လမ်းနှင့်ဘုရင့်နောင်လမ်းထောင့် မြေကွက်အား ဂရန်အမှုတွဲ အမှတ်-(၁၆၈၅/၉၃-၉၄) အရ ဦးအေးထွဋ် မှတ်ပုံတင်အမှတ် [၉/မနမ (နိုင်)၀၉၀၇၀၇] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအောင်ဇော်မြင့် မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၀၁၃၉၁၈]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ) ရပ်ကွက်၊ ယုဇနလမ်းနှင့် လုပ်သားလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၃၀)၊ မြေအမျိုးအစား (B) (ဘိုးဘ)၊ ဧရိယာ (၀. ၃၁၅) ဧကနှင့် မြေကွက်အမှတ် (၃၁)၊ မြေအမျိုးအစား (B) (ဘိုးဘ)၊ ဧရိယာ (၀. ၅၀၀) ဧကရှိမြေကွက်နှင့် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ ဇီနက်အစ္စလာမ်ယောကျ်ားကလေးများ ဂေဟာနှင့် ပညာသင်ကြားရေးအသင်းကိုယ်စားအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဆရာကြီး ဦးမိုဟာမက် (၁၂/ဗဟန(ဧည့်)၀၀၀၀၁၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်း(ခ)ဦးဇင်မင်းထွန်း (၁၂/သဃက(နိုင်)၁၄၉၄၄၇) မှ မြေနှင့်အရပ်ရပ် အကျိုးခံစားခွင့်နှင့် အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်ဖြင့် တရားဝင်ဝယ် ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီးဖြစ်၍ အဆိုပါ မြေကွက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မည်သူတစ်ဦးတစ်ယောက်မှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံ၍ ငွေချေးခြင်း၊ တစ်နည်းနည်းဖြင့်ပြုပြင်ပြောင်းလဲပြင်ဆင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမျိုးလုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်သူများကို ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်း (ခ) ဦးဇင်မင်းထွန်းမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်း (ခ) ဦးဇင်မင်းထွန်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမျိုးသွဲ့ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၀၈)**
**တိုက် (၂၃၂)၊အခန်း(၂)၊သရဖီလမ်း၊(၂၅)ရပ်ကွက်၊သုဝဏ္ဏ၊**
**ရန်ကုန်တိုင်းဒေသ ကြီး။ ဖုန်း - ၀၉ - ၄၄၄၀၃၄၄၇၊ ၀၉ - ၅၄၀၂၂၅၃**

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ (၂) လမ်း၊ အမှတ် (၁၉/က) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၃) ထပ်တိုက်၏ ကန်ထရိုက်တာ ပိုင်သည့်အခြမ်း တိုက်အမှတ် (၁၉/က-B)၊ မြေညီထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၃ ပေ x ၄၀ ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးကြည်ဝင်း [၁၂/လမန(နိုင်) ၀၁၇၈၈၉] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းလဲ့လဲ့နိုင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၄၈)**
**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၉၅၉၆၈၈၄**

## (၁၅-၉-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၅)၊ ကော်လံ (၄) တွင်ပါရှိသော ကောင်းမြန်မာအောင်ကုမ္ပဏီနှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကောင်းမြန်မာအောင်လီမိတက် ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မထားစုကျေးရွာအုပ်စု၊ အကွက်အမှတ် (၇၄၂/အေ)၊ လဟာရက်ကျွန်းကွင်း၊ မြေကွက်အမှတ် (၁+၂/၁+၂၆၆+၂၆၇) ဧရိယာ (၄၁.၅၀) ဧကရှိ ခနီမြေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၈/၃/၂၀၁၆ ရက်စွဲပါ စာအမှတ် ၃/၆-၃(၅၄)/စိုက်မွေး-ဖြင့် ပန်းပု၊ စက်မှုလုပ်ငန်းဆောင်ရွက်ရန်မြေအဖြစ်အသုံးပြုရန်အတွက် ကောင်းမြန်မာအောင်လီမိတက်သို့ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မထားစုကျေးရွာ၊ ကွင်းအမှတ် (၇၄၂-အေ) လဟာရက်ကျွန်းကွင်း၊ လယ်မြေဧရိယာ (၅၈.၃၂) ဧကရှိ လယ်မြေကို၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၆-၂-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၅/လယ-၃၀ (၄၆၈(က)/၂၀၁၆) ဖြင့် မြန်မာ့ရိုးရာပန်းပုစက်မှုလုပ်ငန်းသုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် ကောင်းမြန်မာအောင်လီမိတက်သို့ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ကောင်းမြန်မာအောင်လီမိတက်အနေဖြင့် အထက်ပါခွင့်ပြုမိန့်ရရှိထားသော မြေကွက်များပေါ်တွင်သာ ပန်းပု၊ စက်မှုလုပ်ငန်းများနှင့် မြန်မာ့ရိုးရာပန်းပုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေပြုပြင်ခြင်း၊ သဲဖို့ခြင်းလုပ်ငန်းများအား ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကောင်းမြန်မာအောင်လီမိတက်၏ လုပ်ဆောင်ချက်များသည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုချက်ရရှိသောမြေနေရာများပေါ်တွင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်၍ လုပ်ငန်းများစတင်နိုင်ရန် မြေပြုပြင်ခြင်း၊ သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းသာဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်နေခြင်းကို တစ်စုံတစ်ရာဟန့်တားနှောင့်ယှက်ခြင်းပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးတင်အေးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ကောင်းမြန်မာအောင်လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင့်အောင် (မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၁)**
**ဖုန်း-၀၉-၅၁၄၇၃၁၂၊ ၀၉-၄၅၁၂၂၀၂၂၂**

## (၁) ဒေါ်ငွေငွေရီ [၁၂/သလန (နိုင်) ၀၂၃၂၇၈]၊ (၂) ဒေါ်ငွေမြိုင် [၁၂/မဂတ (နိုင်) ၀၀၆၇၅၅]တို့နှင့် သက်ဆိုင်သူ အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြော်ငြာ

၁။ (၅-၁၀-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၀) ၌ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမြင့်အေး၊ ဒေါ်ရွှေမြိုင်၊ ဒေါ်မြတ်မြတ်မော်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်မြမြစိန်၊ ဦးဇင်မင်းလတ် (ကွယ်လွန်သူ ဦးအေးတင်၏သား) နှင့် အများသိစေရန်ကြော်ငြာကို (၁) ဦးမြင့်အေး [၁၂/မဂတ(နိုင်) ၀၆၇၂၇၉]၊ (၂) ဒေါ်အေးအေးခိုင် [၁၂/မဂတ (နိုင်) ၀၆၇၈၉၀]၊ (၃) ဒေါ်မြမြစိန် [၁၂/မဂတ(နိုင်)၀၆၇၆၁၃] တို့မောင်နှမ(၃)ဦးက အောက်ပါအတိုင်း (၁)ဒေါ်ငွေငွေရီ၊ (၂) ဒေါ်ငွေမြိုင်နှင့်သက်ဆိုင်သူ အများသိစေရန်မှာ -

၂။ မိဘနှစ်ပါးဖြစ်သည့် ဦးစိန်ငွေနှင့် ဒေါ်အုန်းမြိုင်တို့ ကွယ်လွန်သောအခါ မခွဲမပြောင်းနိုင်သော အမွေဆိုင်ပစ္စည်းများမှာ-(က) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၊ C)၊ မြေကွက်အမှတ် (၅/A)၊ မြေအကျယ် (၂၆ ပေ x ၆၀ ပေ)၊ နှစ် (၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် (၅၁/က)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဟုခေါ်တွင်သည့် တစ်ခန်းတည်း၊ (၈)ထပ်တိုက်မှ အလျားxအနံ (၂၆ ပေx၆၀ ပေ)ရှိ မြေညီထပ်နှင့် (၅-လွှာ) တိုက်ခန်း (၂)ခန်း။ (ခ) အဆိုပါ တစ်ခန်းတည်း (၈)ထပ်တိုက်တည်ရှိရာ မြေအကျယ် (၂၆ ပေ x ၆၀ ပေ) ရှိ ဦးစိန်ငွေ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေ၏ အကျိုးခံစားခွင့်၊ (ဂ) အဆိုပါတိုက်၏ မြေညီထပ်ရှိ လှေကားခွင်အခန်း တစ်ခန်းတို့သာ ကျန်ရှိပါသည်။

၃။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉-လမ်း၊ အမှတ် (၁၀)၊ မြေညီထပ်၊ (၁၃ ပေ x ၃၈ ပေ) ယာ-အခန်းကို မိခင် ဒေါ်အုန်းမြိုင် က သား ဦးမြင့်အေး၊ သမီး ဒေါ်မြတ်မြတ်မော်၊ သမီး ဒေါ်အေးအေးခိုင်နှင့် သမီး ဒေါ်မြမြစိန် တို့ (၄)ဦးအား တရားလွှတ်တော်ရှေ့နေ ဦးအောင်ဘော်၏ရှေ့မှောက်တွင် (၁၉-၄-၂၀၁၈) ရက်နေ့၌ မေတ္တာဖြင့် အပိုင်ပေးစာချုပ် ချုပ်ဆိုပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၄။ အထက်ပါတိုက်မှ ၈-လွှာ(ယာ)၊ (၁၃ ပေ x ၃၈ ပေ)အခန်းကို မိခင် ဒေါ်အုန်းမြိုင်က သမီး ဒေါ်ရွှေမြိုင် ပါ(၄)သို့ တရားလွှတ်တော်ရှေ့နေ ဦးအောင်ဘော် ရှေ့မှောက်တွင် (၂၇-၄-၂၀၁၈) ရက်နေ့၌ စာချုပ်ချုပ်ဆို လက်ရောက်ပေးအပ်ခဲ့၍ ယင်း (၈)လွှာတိုက်ခန်းတွင် ဒေါ်ရွှေမြိုင်နေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါ တိုက်ခန်း(၂)ခန်းမှာ အမွေဆိုင်ပစ္စည်းအဖြစ် လုံးဝကျန်ရစ်ခြင်း မရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ ဒေါ်ငွေငွေရီနှင့် ဒေါ်ငွေမြိုင်ကို မိဘနှစ်ပါး အသက်ထင်ရှားရှိစဉ်က သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ မြို့ကုန်းလမ်း၊ အမှတ် (၅) မြေကွက်နှင့် နေအိမ်၊ ပါဒကြီးကျေးရွာတွင် မြေ (၂)ကွက်ဝယ်ယူပေးထားခဲ့ရာ ကျန်အမွေဆိုင်များအား အသိမပေးဘဲ ဒေါ်ငွေငွေရီနှင့် ဒေါ်ငွေမြိုင်တို့က ထုခွဲရောင်းချစားသောက်ခဲ့ကြပြီးဖြစ်ပါသည်။

၆။ မိခင် ဒေါ်အုန်းမြိုင်၏မှာကြားချက်အရ အပိုဒ်ခွဲ-၂(က)(ခ)(ဂ) အမွေဆိုင်ပစ္စည်းကို (၁) ဦးမြင့်အေး၊ (၂)ဒေါ်အေးအေးခိုင်၊ (၃) ဒေါ်မြမြစိန်တို့ မောင်နှမ(၃)ဦးက မောင်နှမ(၈)ဦးကိုယ်စား အမွေထိန်းတာဝန်ယူထားကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ညှိနှိုင်းရေးရုံးတွင် သဘောတူထားသည့်အတိုင်း ခွဲဝေယူလိုပါက ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်အေးပါ(၃)ဦးက ခွဲဝေပေးရန်အဆင်သင့်ရှိကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာလိုက်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်မေစပယ်မြင့် (LL.B, D.B.L, D.I.L, D.L.P (101) W.I.P.O )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၆၇)**
**အမှတ်-၂၆၃/၃-လွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၃၁၈၁၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက်အမှတ် ဠ-၃၊ ဦးပိုင်အမှတ်(၄၇)/၇၀ x ၇၁ ကြား၊ ၁၁၇ x ၁၁၈ လမ်းကြား မြေကွက်အား တောဂရန်အမှုတွဲအမှတ်-(၉၂၂/၉၁-၉၂)အရ တကလှမြင့် မှတ်ပုံတင်အမှတ် LWE-၁၀၆၃၈၈ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်စုစုခိုင် မှတ်ပုံတင်အမှတ်[၈/နမန(နိုင်)၁၀၁၆၀၉]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၇၊ ဦးပိုင်အမှတ်(၉၁)/၇၁ လမ်းနှင့် ၁၀၈ x ၁၀၉ လမ်းကြားရှိ တပ်ကြပ်ကြီးငွေလှိုင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးစိုးလွင်၊ ဒေါ်မီမီဟန်တို့က တရားပြိုင် ဦးငွေလှိုင်အပေါ် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-(၃၁/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးစိုးလွင်[၅/ခတန(နိုင်)၀၁၇၅၁၄]၊ ဒေါ်မီမီဟန် [၉/မရမ(နိုင်)၀၈၆၅၂၅] တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

